


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်

# အလှူရေစက်ချအခမ်းအနား

# အထိမ်းအမှတ်

၁-၁-၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# တွေးချင်ရင် သစ္စာတွေးပါ

ရှင်ဆန္ဒ

(၂၅၁)

ဟောကြားသည့်နေ့

၁၉-၂-၆၀

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# တွေးချင်ရင် သစ္စာတွေးပါ

## (ရှင်ဆန္ဒ)

ဟောကြားသည့်နေ့ (၁၉-၂-၆၀)

ဒကာ ဒကာမတွေ နားလည်ပြီးသကာလ ကိုစောမောင်တို့ဆိုလို့ရှိရင်၊ အနိစ္စတွေ၊ ဒုက္ခတွေ အနတ္တတွေ စိပ်ပုတီးတွေ စိပ်ကြတယ်နော်. . . အဲဒီ ပုတီးစိပ်ဟာ၊ အမြင်စိပ်လားလို့မေးလို့ရှိရင်၊ အမြင်စိပ်မဟုတ်ပါဘူး၊ များသောအားဖြင့် အရစိပ်ပဲများပါတယ်ဆိုလို့ရှိရင် မလွဲပါဘူး။

အဲဒါအခုဟာကတော့ဖြင့် ဒကာ ဒကာမတို့ အစစ်ကိုလည်း ပြောနေရတာကတစ်ကြောင်း၊ ပါရမီပြည့်ဟောနေတာ

လည်းမဟုတ်ဘူး၊ ထွက်ရပ်လမ်းအစစ်ကို ယခုဘဝနဲ့ ယခုပေါက်အောင် ဟောနေရတော့ အစစ်ကိုပဲ ဒကာ ဒကာမတွေ ဉာဏ်ထဲမြင်ရအောင် လုပ်ဖို့အရေးဟာ ကိုယ့်အရေးလို့ မှတ်ထားကြစမ်းပါ. . . (မှန်ပါဘုရား)။

## သမ္မာဒိဋ္ဌိဖြစ်သွားတယ်

ကိုယ့်အရေးလို့မှတ်ထားကြစမ်းပါဆိုတာ လေးစားစွာနဲ့ပဲ ဒကာ ဒကာမတွေအား မေတ္တာရပ်ခံပါတယ်၊ ဘာကြောင့်တုံးလို့ မေးလို့ရှိရင်ဖြင့် ဒီခန္ဓာကြီးထဲမှာ ရှိတာက အနိစ္စကိုး၊ ဒီဒကာ ဒကာမတွေက ဆရာပြောတဲ့အတိုင်း ဉာဏ်နဲ့ကြည့်ပြီး သကာလ မြင်ကြပြီဆိုမှဖြင့် ဩော် . . . ဒါ **အနိစ္စ**နဲ့ မြင်တဲ့ **သမ္မာဒိဋ္ဌိ**နဲ့ (ဝါ) **သမ္မာဒိဋ္ဌိ** မဂ္ဂင်နဲ့ ကိုက်သွားတော့ကို မဂ်ဆုတောင်းဖို့ မလိုတော့ဘူး။ **မဂ်ဉာဏ် ဖိုလ်ဉာဏ်**ရရပါလို၏လို့ ဆုတောင်းဖို့ မလိုတော့ဘူး။ တစ်ခါတည်း ရှေ့နားက ကိုယ့်သန္တာန်ဖြစ်တဲ့ စိတ်ကလေး၊ ဝေဒနာလေးက ပျက်သွားတာကို ဩော် . . . ပျက်သွားပြီလို့ ဒကာ ဒကာမတွေ အမှန်အကန် သိလိုက် တဲ့အခါကျတော့ သမ္မာဒိဋ္ဌိ ဖြစ်သွားတယ်။

ဒီသမ္မာဒိဋ္ဌိက ဒကာ ဒကာမတွေ သူချည့်ဖြစ်တာမဟုတ်ဘူး **သမ္မာသက်ပ္ပ**နဲ့ တွဲဖြစ်တာ၊ **သတိ၊ ဝိရိယ သမာဓိ**နဲ့လည်း တွဲဖြစ်တော့ မြင်လိုက်တယ်ဆိုလို့ရှိရင် မဂ္ဂင်က တစ်ခါတည်း

ခန္ဓာထဲရောက်၊ မဂ္ဂင်က ခန္ဓာထဲရောက်လာတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မဂ်ဆိုတာ ပါရမီဖြည့်ပြီး ဖြည်းဖြည်းမှ ရရမယ်လို့ အောက်မေ့ပြီး သကာလ နေကြတဲ့ ပုဂ္ဂိုလ်လည်း ပါချင် ပါရလိမ့်မယ်။

## အာရုံနဲ့ရှုလုံးနဲ့တည့်ရင်မဂ်ဖြစ်တယ်

ခုတော့ ဒီလိုမဟုတ်ပါဘူးတဲ့၊ မဂ်ဆိုတာ ဒကာ ဒကာမတို့ သူ့မြင်ရာအာရုံနဲ့ ဒကာ ဒကာမတွေ ရှုလုံးနဲ့ တည့်လို့ ရှိရင် မဂ်ဖြစ်တာပဲသာ မှတ်ပါ. . . (မှန်ပါဘုရား)၊ မြင်ရာ အာရုံနဲ့ ရှုလိုက်တဲ့အခါ တည့်သွားလို့ရှိရင် ဒါ မဂ်ရရပါလို၏ မဆိုနဲ့ မဂ်ကို ဝမ်းထဲဖြစ်တာလို့ မှတ်ထားလိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

အဲဒါကြောင့် လေးစားစွာနဲ့ပဲ မှတ်ပါလို့ ကိုယ့်သန္တာန်ဖြစ်တဲ့ **ပဋိစ္စသမုပ္ပါဒ်**ဟာ သိပ်အရေးကြီးပါတယ်ဆိုတာ သဘောပါကြပြီလား. . . (ပါပါပြီဘုရား)။

## ကိုယ့်သန္တာန်ဖြစ်တဲ့ဖြစ်စဉ်ကိုကြည့်ပါ

ကိုယ့်သန္တာန်ဖြစ်တဲ့ **ပဋိစ္စသမုပ္ပါဒ်**နော်. . . (မှန်ပါဘုရား)၊ သူများ **ပဋိစ္စသမုပ္ပါဒ်**ကို မရှုပါနဲ့ ကိုယ့်သန္တာန်ဖြစ်တဲ့ **ပဋိစ္စသမုပ္ပါဒ်**၊ **ပဋိစ္စသမုပ္ပါဒ်**ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက စာသံပါနေတယ် အောက်မေ့လိမ့်မယ်၊ ကိုယ့်

သန္တာန်ဖြစ်တဲ့ ဖြစ်စဉ်ကို ကြည့်ပါလို့ ပြောတာပဲ. . . (မှန်လှပါဘုရား)။

ဘာပြောတာပါလိမ့် . . . (ကိုယ့်သန္တာန်ဖြစ်တဲ့ဖြစ်စဉ်ကို ကြည့်လို့ ပြောတာပါဘုရား)၊ ကိုယ့်သန္တာန် ယခုပထမဦးဆုံး ပေါ်တာလည်း ပထမဦးဆုံးပေါ်လာတယ်လို့ သိရမယ်၊ ဒုတိယ ပေါ်လာလည်း ဒုတိယပေါ်လာတာ ရှိ မရှိကိုလည်း သိရမယ်၊ တတိယပေါ်လာတာကို တတိယပေါ်လာတာ ရှိ မရှိကိုလည်း သိရမယ်။

ထိုကဲ့သို့ ပေါ်လာတာလေးက မရှိတော့ဘူး၊ အင်း သိလုံးကလေးကလည်း ဒကာ ဒကာမတွေက လိုက်တယ်လို့ ဆိုလို့ရှိရင်ဖြင့် ကိုယ့်သန္တာန်၏ဖြစ်စဉ်ကြီးကို ကိုယ့်ဉာဏ်နဲ့ ဖြတ်တာ၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ကိုယ့်သန္တာန် ခန္ဓာသံသရာဖြစ်စဉ်ကို ကိုယ့်ဉာဏ်နဲ့ ဖြတ်တာလို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## ကိုယ့်ဉာဏ်နဲ့ဖြတ်တာလို့မှတ်

ကိုယ့်ခန္ဓာ၏သံသရာဖြစ်စဉ်ကြီးတန်းနေတာကို ကိုယ့်ဉာဏ်နဲ့ဖြတ်တယ်လို့ မှတ်ကြစမ်းပါ. . . (မှန်လှပါဘုရား)။

ဒါဖြင့် ရှင်းရှင်းပဲပြောပါ့မယ်၊ ဘုရားကို သူများဖြတ်ပေးလို့ ဘုရားဖြစ်တာလား၊ **ရှင်သာရိပုတ္တရာ** ရဟန္တာဖြစ်သွားတာ သူများဖြတ်ပေးလို့ **ရှင်သာရိပုတ္တရာ** ရဟန္တာဖြစ်တာလား၊ **ရှင်မောဂ္ဂလာန်** သူများဖြတ်ပေးလို့ ရှင်မောဂ္ဂလာန်ရဟန္တာဖြစ်တာလားလို့ ဒကာ ဒကာမတွေ မေးခဲ့သည်ရှိသော် သူ့ခန္ဓာ **ပဋိစ္စသမုပ္ပါဒ်**ဖြစ်စဉ်ကို သူ့ဉာဏ်နဲ့ဖြတ်လို့ သူ ရဟန္တာဖြစ်တာ၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် သူ့ခန္ဓာဖြစ်စဉ်ကို သူဖြတ်ရမှာ၊ သဘောပါကြပြီလား. . . (ပါပါပြီဘုရား)။

## ကိုယ့်ဉာဏ်ကို၊ ကိုယ်အားကိုးပါ

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်ဉာဏ်ကို ကိုယ်အားကိုးပါဆိုတာကို လေးစားစွာနဲ့ သတိပေးလိုက်ပြန်တယ် . . . (မှန်လှပါဘုရား)။ ကိုယ့်ဉာဏ်နဲ့ ကိုယ်နိဗ္ဗာန်သွားရမှာ ဦးခင်မောင် ဘာမှ သံသယမရှိနဲ့. . . (မှန်လှပါဘုရား)။

သားမယားကလည်း မပို့နိုင်ဘူး၊ ယောက္ခမ မိဘကကော. . . (မပို့နိုင်ပါဘူးဘုရား)၊ မပို့နိုင်ဘူး၊ သံသရာက သူများသန္တာန်ရှိတာလား၊ ကိုယ့်သန္တာန်မှာ တန်းနေတာလား. . . (ကိုယ့်သန္တာန်တန်းနေတာပါဘုရား)။

## ကိုယ့်အရေးကိုယ်ကြီးကြပါ

ကိုယ့်သန္တာန်တန်းနေတာ ဒကာသစ်တို့၊ မောင်မြတို့ လူစု၊ ကိုယ့်ဟာကိုယ်ဖြတ်မှပဲရမယ်. . . (မှန်လှပါဘုရား)။ သားတွေ၊ မယားတွေက အားထုတ်ပါလို့ တိုက်တွန်းရုံပဲရှိတယ်၊ ဖြတ်မှုအလုပ် ကိုယ်တိုင်လုပ်ရမှာက ကိုယ့်ဟာကိုယ်လုပ်ရမှာဆို တာ သေချာကြပြီလား. . . (သေချာပါပြီဘုရား)။

အဲ့ဒါကြောင့် ဘယ်သူ့မှ အားမကိုးပါနဲ့၊ ကိုယ့်အရေး ကိုယ်ကြီးကြပါဆိုတာကို သတိပေးလိုက်ပါတယ်၊ ကိုယ့်အရေး ကိုယ်ကြီးကြပါလို့ဆိုတာ သတိပေးလိုက်ပါတယ်။

## ပါရမီမလိုလို့ မှတ်လိုက်စမ်းပါ

ပါရမီမလိုလို့ မှတ်လိုက်စမ်းပါ၊ ယခုပေါ်တဲ့ **ပဋိစ္စသမုပ္ပါဒ်** ကို ယခုဉာဏ်နဲ့ဖြတ်လို့ ယခုပြတ်တာသည် ယခု**သောတာပန်** တည်တာပဲ. . . (မှန်လှပါဘုရား)၊ ယခု **သကဒါဂါမ်**တည်တာပဲ၊ ယခု **အနာဂါမ်**၊ ယခု **ရဟန္တာ**တည်တာပဲ။

ယခုပေါ်တဲ့ ကိုယ့်**ပဋိစ္စသမုပ္ပါဒ်**ကြီးကို ယခုပြတ်သွား လို့ရှိရင် ယခု **သောတာပန်** တည်တာပဲဆိုတာသာ မှတ်ပါ. . . (မှန်လှပါဘုရား)။ ဘာမှ သံသယတွေ ဘာတွေရှိပြီးသကာလ မနေပါနဲ့။ ဆရာသမားက အမျိုးမျိုး အဖုံဖုံ ကိုယ်တိုင်လည်း လုပ်ကြည့်၊ **ကျမ်းဂန်**တွေ အမျိုးမျိုးနဲ့ ကြည့်ပြီးသကာလ ပြောတဲ့

စကားဖြစ်သောကြောင့် သြော်. . . ဟုတ်သားပဲ၊ ဘုရား ဘုရားဖြစ်တာ ဘယ်နှယ့်ကြောင့်ပါလိမ့်၊ အို. . . သူ့ဉာဏ်နဲ့ သူ့ပင်္ခစ္စသမုပ္ပါဒ်သူဖြတ်လို့ သူဘုရားဖြစ်တာ. . . (မှန်လှပါ ဘုရား)။

## ကိုယ့်ခန္ဓာအစဉ် ကိုယ့်ဉာဏ်နဲ့ဖြတ်လို့

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ ရဟန္တာဖြစ်ကြတာ သူ့ခန္ဓာအစဉ်ကို သူ့ဉာဏ်နဲ့ဖြတ်လို့ ဘာတုံး. . . (ရဟန္တာဖြစ်တာ ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒကာ ဒကာမတွေလည်း ကိုယ့်ခန္ဓာ အစဉ်ကြီးဟာကို ရှေ့ပိုင်းက ဒုက္ခ၊ ဆက်သွားရင်လည်းဒုက္ခ၊ အင်း. . . ဒီကြားကဉာဏ်နဲ့ဖြတ်ကြမယ်ဆိုလို့ရှိရင်ဖြင့် ကိုယ့်ခန္ဓာ သံသရာအစဉ်ကြီးကို ကိုယ်ဖြတ်လိုက်တဲ့အတွက် ကိုယ်ကိစ္စပြီး တာ သေချာပါတယ်. . . (သေချာပါတယ်ဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘာမှ အားမငယ်ပါနဲ့ ဒကာသိုက်တို့ ကို သတိပေးလိုက်ပါတယ်။ သြော်. . . တို့သည်ကားလို့ဆိုရင် ဖြင့် ဆရာကောင်း သမားကောင်း မတွေ့ပြီဆိုလို့ရှိရင် ဒကာ ဒကာမတွေ အားငယ်ရတယ်၊ ခု-အားမငယ်ပါနဲ့ ဒကာ ဒကာမတို့ ကိုယ့်စိတ်အစဉ်ကြီးကို ကံရောက်အောင် မတန်းစေနဲ့၊ သဘော ကျပြီလား. . . (ကျပါပြီဘုရား)။

## ကံရောက်အောင်မတန်းစေနဲ့

ကိုယ့်စိတ်အစဉ်ကို. . . (ကံကျအောင်မတန်းစေရပါဘုရား)။ ကံကျအောင် မတန်းစေနဲ့၊ ကြားက ဖြတ်စမ်းပါဆိုတာ သတိပေးလိုက်ပါတယ်. . . (မှန်လှပါဘုရား)။

ကံရောက်အောင်. . . (မတန်းစေရပါဘုရား)။ ကြားကနေ ဘာလုပ်ရမှာတုံး. . . (ဖြတ်ရမှာပါဘုရား)။ ဖြတ်ရမယ်၊ အဲ့ဒါဖြတ်တာသည် **ဘုရား**သည် ကားလို့ဆိုလို့ရှိရင်ဖြင့် ဤလိုဖြတ်လို့ **ဘုရား**ဖြစ်တယ်၊ **ရဟန္တာ**တွေဟူသ၍ ဤလိုဖြတ်လို့ ဖြစ်ကြတာပဲ။

ဒါဖြင့် ဘာများ ခင်ဗျားတို့ ကျုပ်တို့က အားငယ်စရာရှိသေးသတုံးလို့ဆိုလို့ရှိရင် ဩော်. . . တစ်စတစ်စ ဖြစ်ရတဲ့ပုဂ္ဂိုလ်တော့ အားငယ်ကြလိမ့်မပေါ့ဗျာ။

ဒါန အစ၊ သီလ အလယ်၊ **သမထဘာဝနာ** အဆုံးဆိုပြီး သကာလ ခင်ဗျားတို့ ဒါတွေ လုပ်နေကြမယ်ဆိုရင် တစ်စတစ်စ သွားရမယ်ဆိုပြီး သကာလ ခင်ဗျားတို့ အားငယ်စရာ ရှိပါတယ် . . . (မှန်လှပါဘုရား)။

ခုတော့ဖြင့် တင်းတင်းရင်းရင်းနဲ့ ဆရာကောင်း သမားကောင်းက ကိုင်း. . . ဒကာ ဒကာမတို့ ခုစိတ်ကူးပေါ်တယ်၊ အခုစိတ်ကူးနောက်က မင်္ဂလိုက်ပေးစမ်းပါလို့ ပြောလိုက်တယ်. . . (မှန်လှပါဘုရား)။

## စိတ်ကူးပေါ်ရင်၊ နောက်ကမင်္ဂလိုက်ပေးစမ်းပါ

ခု. . . စိတ်ကူးပေါ်တယ်. . . (ခုနောက်က မင်္ဂလိုက်ပေးရ ရမှာပါဘုရား)။ ခုစိတ်ကူးပေါ်တဲ့နောက်ကနေပြီးသကာလ ဒီစိတ် ကူးလေးရှိ မရှိသာ မင်္ဂကလိုက်ပေးပါ၊ မရှိတာကို သိပါလိမ့်မယ်ဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ယနေ့သည် ဒကာ ဒကာမတို့ ရှင်ဆန္ဒ ဒိဋ္ဌိအကြီးအကျယ် ခွာပေးမယ့်နေ့ပဲဆိုတာ မှတ်လိုက်စမ်းပါနော် . . . (မှန်လှပါဘုရား)။

## ဝိပဿနာမလုပ်ခင် ဘာလုပ်ရမယ်

ဒါဖြင့် အရင်အစဉ်လေးတော့ မမေ့ကြနဲ့နော်၊ **ဝိပဿနာ** ရှုမယ်ကြံရင် ဘာအရင် ခွာရမယ်. . . (ဒိဋ္ဌိအရင်ခွာရမှာပါဘုရား)။

**ဒိဋ္ဌိ**ခွာမယ်ကြံရင် ဘာနားလည်ရမယ်. . . (ခန္ဓာပဋိစ္စသမုပ္ပါဒ်နားလည်ရမှာပါဘုရား)။ **ခန္ဓာပဋိစ္စသမုပ္ပါဒ်**ဖြစ်စဉ်ကို ကိုယ့်သန္တာန်ဖြစ်တိုင်း ဖြစ်တိုင်း သိရမယ်. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

**ဝိပဿနာ**မလုပ်ခင် ဘာလုပ်ရမယ်. . . (ဒိဋ္ဌိခွာရမှာပါဘုရား)။ ဒိဋ္ဌိခွာမယ်ကြံလို့ရှိရင် ဘာကို နားလည်မှုရှိရမယ်. . . (ကိုယ့်ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားလည်မှုရှိရမှာပါဘုရား)။

ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကြီးကို သိမှသာလျှင် ဒိဋ္ဌိ ကလည်းကွာပါတယ်. . . (မှန်လှပါဘုရား)။ ဒိဋ္ဌိကွာမှလည်း **ဝိပဿနာ**ရှုတဲ့အခါ ဒိဋ္ဌိတည်းဟူသော အပင်းမခံဘဲနဲ့ **မဂ်ဉာဏ်** ကို ကျေးဇူးပြုပါတယ် **ဝိပဿနာဉာဏ်**ကဆိုတော့ အင်မတန် ရှင်းနေပြီဆိုတာကို ဒကာ ဒကာမတွေ မှတ်ထားဖို့ပါပဲ။

## ဒိဋ္ဌိရှိရင် အလုပ်မတွင်ကျယ်ဘူး

ကိုင်း. . . ဒါဖြင့် ဒိဋ္ဌိလေးနည်းနည်းခွာကြပါစို့ **ဝိပဿနာ** မလုပ်မီ ရှေးအဖို့ကာလ၌ ဒိဋ္ဌိနည်းနည်း ခွာလိုက်တာပေါ့ ဒကာ ဒကာမတို့ ဒိဋ္ဌိ ရှိလျက်နဲ့ဖြင့် အလုပ်လုပ်လို့ မတွင်ကျယ်ဘူးဆို တာ နေ့တိုင်းပြောတယ်. . . (မှန်လှပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ခု. . . အိမ်ကိုပြန်ပြီး သကာလ စဉ်းစားတာလေးတော့ ပေါ်မှာပေါ့ဗျာ. . . (ပေါ်ပါ တယ်ဘုရား)။ တစ်ခါတလေ မပေါ်ပေဘူးလား. . . (ပေါ်ပါ တယ်ဘုရား)။

အိမ်မှာ ခုကလေးတွေ အိပ်နေကုန်ပြီလား၊ တံခါးမှ ပိတ် မိခဲ့ရဲ့လား အစရှိသည်နဲ့ ဘယ်ဧည့်သည်များလာနေမလား၊ အစ ရှိသည်နဲ့ စိတ်ဆိုတာ ရောက်တတ် (၈၀) ရောက်တတ် (၉၀) ဆိုသလို သွားချင်ရာ သွားနေတာပေါ့ဗျာ. . . (မှန်လှပါဘုရား)။

## အိမ်ကိုတွေးတဲ့စိတ်

အဲဒီစိတ်ကလေး ပေါ်လာတယ်၊ ဒါ ဘာပါလိမ့်မတုံးလို့ မေးလို့ရှိရင်ဖြင့် အိမ်တွေးတဲ့စိတ်လို့ ဆိုရမှာပဲ. . . (မှန်လှပါဘုရား)။

**ပဋိစ္စသမုပ္ပါဒ်** အလိုကျတော့ ဒါဘာပါလိမ့်မလဲဆိုတော့ အစပေါ်တာ၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။ ဘာပေါ်လာတာတုံး. . . (အစပေါ်လာတာပါဘုရား)။

ဩော်. . . ဒါဖြင့် မူလ ဘူတပေါ်လာခြင်းကြောင့် ဒါ**ပဋိစ္စသမုပ္ပါဒ်**၏ အစပေါ်တာလို့ ဦးဝမှတ်လိုက်စမ်း. . . (မှန်လှပါဘုရား)။ ဦးခင်မောင်ရေ ဘယ်လိုမှတ်ကြမတုံး. . . (အစပေါ်တာပါဘုရား)။ အစပေါ်တာပဲ။

အစပေါ်တာပဲ ဒကာ ဒကာမတို့ အရင်မတွေးမိပါဘူး . . . (မှန်လှပါဘုရား)။ ခုမှ ဒီကတွေးမိတဲ့အခါကျတော့တွေးလုံး အစပဲ. . . (မှန်လှပါဘုရား)။

ဒါဖြင့် အရင်ကဟာတွေတော့ ကိုယ်မှမသိဘဲပဲ. . . (မှန်လှပါဘုရား)။ ခု ဆရာသမားက ဆုံးမလိုက်လို့ ကိုယ့်အိမ်ကိုယ့်ယာ ပြန်တွေးလိုက်တဲ့အခါ တွေးတဲ့စိတ်ဟာ **ပဋိစ္စသမုပ္ပါဒ်** အစပဲလို့ ဒကာ ဒကာမတွေ မှတ်လိုက်ပေတော့ . . . (မှန်လှပါဘုရား)။

ဒါဖြင့် **ဝိညာဏ်**မဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။ အဲ **ဝိညာဏ်**ဖြစ်လာပြီတဲ့ **မနောဝိညာဏ်**ဖြစ်ပါတယ်။ ဘယ်ဝိညာဏ်ပါလိမ့်. . . (မနောဝိညာဏ်ပါဘုရား)။

အင်း. . . တွေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ အင်း. . . စိတ်မချတာလေး လာတယ်၊ တွေးလုံးလေးချုပ်ပြီး စိတ်မချတာလေးလာတယ်. . . (လာပါတယ်ဘုရား)။ ဒေါသကလေးလာတယ်။

## စိတ်မချတာလေး

တွေးလုံးကလေးချုပ်ပြီးတော့ ဘာလာပါလိမ့်. . . (စိတ်မချတာလေး လာပါတယ်ဘုရား)။ ဒကာ ဒကာမတွေ ဒါလူတိုင်းတော့ မဟုတ်ဘူးပေါ့ဗျာ၊ လူတိုင်းတော့မဟုတ်ဘူး၊ တချို့တွေးလုံးကလေး ဝင်လာတဲ့အခါမှာ စိတ်မချတာလေးကော မလာတတ်ကြဘူးလား. . . (လာတတ်ပါတယ်ဘုရား)။

လာတတ်ကြတယ်ဆိုတော့ အဲ့ဒီစိတ်မချတာလေးဟာ **ဒေါသလေး**၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

စိတ်မချတာလေးဟာ. . . (ဒေါသလေးပါဘုရား)။ အဲ့ဒီ **ဒေါသ**ပေါ်တော့၊ **ဒေါသ**ကလည်း **ဟဒယဝတ္ထု**အပေါ်မှာ ပေါ်ရတယ်၊ **တွေးလုံး**ကလည်း **ဟဒယဝတ္ထု**အပေါ် ပေါ်ရတယ်ဆိုတော့ နှစ်ခုကော ပြိုင်ပေါ်လို့ ဖြစ်ပါ့မလား. . . (မဖြစ်ပါဘူးဘုရား)။

## ဒေါသစိတ်ပေါ်လာတယ်

ဒါဖြင့် **တွေးလုံးချုပ်ပျောက်သွားမှ** ဘာပေါ်လာသတုံး . . . (ဒေါသစိတ်ပေါ်လာပါတယ်ဘုရား)။ **ဒေါသစိတ်ပေါ်လာ**တယ် သဘောကျပြီလား. . . (ကျပါပြီဘုရား)။

**တွေးလုံးချုပ်ပြီး**တော့မှ ဘာပေါ်လာပါလိမ့်. . . (ဒေါသစိတ်ပေါ်လာပါတယ်ဘုရား)။ ဩော်. . . ဒါ **ပဋိစ္စသမုပ္ပါဒ်** ဒုတိယအဆင့် တက်လာတာ. . . (မှန်လှပါဘုရား)။ ဦးခင်မောင် ဒုတိယအဆင့်တက်လာတာ. . . (မှန်လှပါဘုရား)။ သဘောကျကြပြီလား. . . (ကျပါပြီဘုရား)။

## သောကလိုက်လာတယ်

ဒုတိယအဆင့်တက်လာတယ်၊ အင်း. . . ဒါဖြင့် တွေးလုံးနောက်ကနေ ဒေါသ၊ အင်း တော်လေးနေကျလာတော့ **ဒေါသ**လေးဖြစ်ပြီး နောက်က ဒကာ ဒကာမတွေက စိုးရိမ်တဲ့ **သောက**ကလေး လိုက်ချင်လိုက်လာတယ်၊ **သောကလိုက်လာ**တော့ **ဒေါသ**ကချုပ်ပြီးပြီ. . . (မှန်လှပါဘုရား)။ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

အင်း. . . ဒါဘယ်သူ့ဖြစ်စဉ်ပါလိမ့်မလဲလို့ မေးလို့ရှိရင် ဖြင့် ဒကာ ဒကာမတွေ၏ ဖြစ်စဉ်၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဘယ်သူ့ဖြစ်စဉ်ပါလိမ့်ဗျာ၊ ယခုတရားနာနေတဲ့ ဒကာဒကာမတွေ၏ အကြောင်းတိုက်ဆိုင်တဲ့ဖြစ်စဉ်၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ **ဒီသောကလာပြီးသကာလ** တော်တော်ကြာကျလို့ရှိရင်ဖြင့်တဲ့ မျက်ရည်ကလေးလည်တဲ့ **ပရိဒေဝလည်း** လိုက်ချင်လိုက်လာတတ်တယ်. . . (မှန်လှပါဘုရား)။ **ဒုက္ခ၊ ဒေါမနဿ** ကော. . . (လိုက်လာပါတယ်ဘုရား)။

## တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တာ

အင်း. . . လိုက်တာကြည့်လိုက်တော့ ဒကာ ဒကာမတွေ ဒါတွေဟာ ဒါတစ်ခုချုပ်ပြီးမှ ဒါတစ်ခုဖြစ်၊ ဒါတစ်ခုချုပ်ပြီးမှ . . . (ဒါတစ်ခုဖြစ်ပါတယ်ဘုရား)။ ဒါတစ်ခုချုပ်ပြီးမှ ဒီဘက်တစ်ခုဖြစ်တယ်၊ ဒီဘက်တစ်ခုချုပ်ပြီးမှ. . . (ဒီဘက်တစ်ခုဖြစ်ပါတယ်ဘုရား)။

ကြည့်စမ်း. . . ဒါ **ပဋိစ္စသမုပ္ပါဒ်**ပြလိုက်ပြီ၊ ပုဂ္ဂိုလ်သတ္တဝါ တွေများ ဒီအထဲပါသေးသလား. . . (မပါပါဘူးဘုရား)။ ယောကျ်ားတွေ၊ မိန်းမတွေကော. . . (မပါပါဘူးဘုရား)။

ဩော်. . . ဒါ **ပဋိစ္စသမုပ္ပါဒ်** နားလည်လို့ **သက္ကာယဖြုတ်**လို့လွယ်သွားတာ၊ **ပဋိစ္စသမုပ္ပါဒ်** ကိုယ့်သန္တာန်ဖြစ်နေတဲ့အတန်းကြီးကို ဘုန်းကြီးက ရေလည်အောင် ပြောလိုက်လို့ ဟောဒီထဲ

နဂိုကိုက ကျုပ်ကြံစည်နေတယ်ဆိုတဲ့ ကျုပ်လည်းမပါဘူး၊ ဖြစ်စဉ်တန်းတာပဲရှိတယ်. . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ငါကော၊ သူကော၊ ယောက်ျားကော၊ မိန်းမကော ပါကြရဲ့လား. . . (မပါပါဘူးဘုရား)။ ဒီအတန်းကြီးပဲ တစ်ခုချုပ်ပြီးတော့ ဒီတစ်ခုဖြစ်တယ်၊ ဒီတစ်ခုချုပ်ပြီးတော့. . . (ဒီတစ်ခုဖြစ်ပါတယ်ဘုရား)။

အင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဩော်. . . တို့မှာ ဒီအတန်းတန်းနေတာကိုးဆိုတာ သေချာပြီလား. . . (သေချာပါပြီဘုရား)။

တန်းနေတယ်ဆိုရတယ်၊ ခန္ဓာကိုယ်ထဲမှာတော့ ဒကာ ဒကာမတွေ မှတ်စရာက တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တယ်ဆိုတာကော ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

## သက္ကာယဒိဋ္ဌိဝင်လာတယ်

ကောင်းပြီ. . . ဒါဖြင့် ဒီအထဲမှာ ဒိဋ္ဌိက သုံးမျိုးကိန်းတတ်တယ် ဒကာ ဒကာမတို့နော်. . . (မှန်လှပါဘုရား)။ ဒီဟာတွေဟာငါပဲ၊ ငါပဲ၊ ငါပဲ ဟုတ်လား၊ ငါ**တွေးတာ**ပဲ၊ ငါ**ဒေါသ**ဖြစ်တာပဲ၊ ငါ**သောက**ဖြစ်တာပဲ၊ ငါ**ပရိဒေဝ**ဖြစ်တာပဲ၊ ငါ**ဥပါယာသ** ပြင်းစွာပင်ပန်းခြင်း ငါဖြစ်တာပဲဆိုရင် တစ်ခါတည်း **သက္ကာယဒိဋ္ဌိ**

ဝင်လာတာပဲ. . . (မှန်ပါဘုရား)။ မဝင်သေးဘူးလား. . . (ဝင်ပါတယ်ဘုရား)။

ဘယ်နှယ့်ကြောင့် ဒီ**သက္ကာယဒိဋ္ဌိ**ဝင်လာပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လက်သည်ရှာဖို့ သိပ်အရေးကြီးတယ်။

## သတိမထားမိလို့ ငါထင်ပစ်တယ်

ဩော်. . . ဒီအစဉ်ကလေးတွေပေါ်လာတော့ တစ်ခုချုပ်ပြီး တစ်ခုဖြစ်၊ တစ်ခုချုပ်ပြီး တစ်ခုဖြစ်တာတွေကို ဒကာဒကာမတွေက သတိကမထားမိတော့ ဒါတွေဟာ ငါချည့်ပဲ အကုန်ထင်ပစ်လိုက်တယ်။

တွေးတာလည်း ငါပဲ၊ မထင်ဘူးလား. . . (ထင်ပါတယ်ဘုရား)။ **ဒေါသ**ဖြစ်တာလည်း. . . (ငါပဲဘုရား)။ **သောက**ဖြစ်တာကော. . . (ငါပါဘုရား)။ ကဲ့. . . အဲ့ဒါ ဘာကြောင့် ဒီငါတွေ ဝင်လာသတုံးလို့ ဦးဝတို့ ဦးခင်မောင်တို့ မေးခဲ့သော် ဩော်. . . ဒီစိတ်အစဉ်တန်းနေတာကို ခင်ဗျားတို့ ဉာဏ်ထဲမှာ မသိလို့ ငါဖြစ်နေတာ. . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## တစ်ခုချုပ်ပြီးမှတစ်ခုပေါ်တာ

မသိလို့ ဘာဖြစ်နေတာတုံး. . . (ငါဖြစ်နေတာပါ ဘုရား)။ ခုတော့ဖြင့် ဆရာဘုန်းကြီးက ပြောလိုက်ပါပြီ ဒကာ ဒကာမတို့ တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တာနော်။ **ဒီပရမတ်ကလေး တွေ၊ ဒီဓမ္မကလေးတွေဖြစ်နေတာ၊** သဘောကျပြီလား. . . (မှန်ပါဘုရား)။

ပထမဓမ္မကလေးချုပ်သွားရင် ဒုတိယဓမ္မကလေး ပေါ်လာတယ်၊ ဓမ္မဆိုတာ တရားပေါ့ဗျာ. . . (မှန်လှပါဘုရား)။ ဒုတိယဓမ္မချုပ်သွားတော့. . . (တတိယဓမ္မပေါ်ပါတယ်ဘုရား)။ တတိယဓမ္မချုပ်သွားတော. . . (စတုတ္ထဓမ္မပေါ်ပါတယ်ဘုရား)။ စတုတ္ထဓမ္မချုပ်သွားတော့. . . (ပဥ္စမဓမ္မပေါ်ပါတယ်ဘုရား)။

ဒီလိုပေါ်တာသာရှိတော့ ဩော်. . . ချုပ်လိုက်ပေါ် လိုက်၊ ချုပ်လိုက်ပေါ်လိုက်၊ ဒီကအကြောင်း ဒီကအကျိုး၊ ဒီက အကြောင်း ဒီကအကျိုး၊ ဩော်. . . အကြောင်းအကျိုးဆက်နေ တဲ့ အစဉ်ပါလားလို့ မသိကြပေဘူးလား. . . (သိပါတယ် ဘုရား)။

## အကြောင်းအကျိုးဆက်နေတဲ့အစဉ်

အကြောင်းအကျိုးဆက်နေတဲ့ အစဉ်ပါလားလို့ ဦးခင်မောင်တို့က သိသွားတဲ့အခါကျတော့ ပုဂ္ဂိုလ်သတ္တဝါ ပါသေး သလား. . . (မပါပါဘူးဘုရား)။

အင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဘာနားလည်လို့ ပုဂ္ဂိုလ် သတ္တဝါပျောက်သွားပါလိမ့်. . . (ခန္ဓာဖြစ်စဉ်နားလည်လို့ ပါဘုရား)။ အဲ. . . ခန္ဓာဖြစ်စဉ်၊ ဘာသိလို့ပါလိမ့်. . . (ခန္ဓာဖြစ်စဉ်ပါဘုရား)။

အဲ့ဒီတော့ ခန္ဓာဖြစ်စဉ်တွေ သိနေတဲ့ ဒကာ ဒကာမတွေကျတော့ ဒကာ ဒကာမတို့ ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဒီအထဲပါသေးသလား. . . (မပါပါဘူးဘုရား)။

## ဓမ္မတွေလှည့်နေတာ

ဩော်. . . ဒီလိုတစ်ခုဖြစ်ရင် တစ်ခုချုပ်လိုက်၊ တစ်ခုဖြစ်လိုက်၊ ဒါချုပ်လိုက် ဒါဖြစ်လိုက်၊ ဒီလိုချည့်ပဲ တစ်နေ့လုံးဟာ လှည့်ပတ်နေတာပဲဆိုတော့ ဩော်. . . ဒါဖြင့် **ဓမ္မတွေလှည့်နေတာပါလား**။

ဘယ်လိုဆိုကြမယ်. . . (ဓမ္မတွေ လှည့်နေတာပါဘုရား)။ **ဓမ္မတွေလှည့်နေတာ**ဆိုတော့ **ဒီဓမ္မတွေ** နာမည်ပေးချင်တော့လည်း ဒကာ ဒကာမတွေ ဘုန်းကြီးသင်ထားတဲ့အတိုင်း ပေးနိုင်ပါတယ်။ ပထမတွေးစိတ်ပေါ်တယ်ဘုရား၊ နောက်ဆွေးစိတ်ကလေး ပေါ်တယ်ဘုရား လာမှာပဲ. . . (မှန်ပါဘုရား)။ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒီတော့ ဓမ္မတွေဆိုရင်ပဲ အများနဲ့ ဆက်ဆံတာသိလောက်ပါပြီ. . . (မှန်ပါဘုရား)။ မသိသေးဘူးလား. . . (သိပါတယ်ဘုရား)။

ဒါဖြင့် ဒီအထဲ ပုဂ္ဂိုလ်တွေ ပါသေးသလား. . . (မပါပါဘူးဘုရား)။ ဦးခင်မောင်တို့ ဦးဝတို့ ဘာနားလည်တဲ့အတွက် ပုဂ္ဂိုလ်တွေ ပျောက်ပါလိမ့်. . . (ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်နားလည်လို့ပါဘုရား)။ **ခန္ဓာပဋိစ္စသမုပ္ပါဒ်**ဖြစ်စဉ်၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

## ခန္ဓာ၏ဖြစ်စဉ်နားလည်လို့

**ခန္ဓာပဋိစ္စသမုပ္ပါဒ်**ဖြစ်စဉ် နားလည်သောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ **သက္ကာယဒိဋ္ဌိ**ပြုတ်ပါသည်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ခန္ဓာ၏ ဖြစ်စဉ်ကို နားလည်တဲ့အတွက် တော်ကြာဒီခန္ဓာဖြစ်၊ ဒါ**ဝိညာဏက္ခန္ဓာ**လို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။ **ဝေဒနာက္ခန္ဓာ**တွေလည်း ပါရက်ပါပဲ။ သို့သော် စကားများနေမှာစိုးလို့၊ ဒီ**ဝိညာဏက္ခန္ဓာ**ချုပ်ပြီး ဒီ**ဝိညာဏက္ခန္ဓာ**ပေါ်တာပဲ. . . (မှန်လှပါဘုရား)။

ဒီ**ဝိညာဏက္ခန္ဓာ**ချုပ်ပြီးတော့. . . (ဒီဝိညာဏက္ခန္ဓာပေါ်ပါတယ်ဘုရား)။ တတိယ**ဝိညာဏက္ခန္ဓာ**၊ တတိယချုပ်ပြီး

တော့. . . (စတုတ္ထပေါ်ပါတယ်ဘုရား)။ စတုတ္ထချုပ်ပြီးတော့ . . . (ပဉ္စမပေါ်ပါတယ်ဘုရား)။

ပဉ္စမပြီးတော့ ဆဋ္ဌမတွေ ဘာတွေသွားလေ တစ်နေ့လုံး လှည့်မှာ ဦးခင်မောင်. . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## ငါဆိုတာအစကမပါပါဘူး

အဲ့ဒါတွေသိတော့မှ ဩော်. . . ဒီအထဲ ငါဆိုတာ နဂိုက၊ အစက မပါပါလား၊ ဒကာ ဒကာမတွေ ဘယ်လိုတဲ့ . . . (အစကတည်းက မပါပါဘုရား)။ ငါဆိုတာ အစကမပါဘူးလို့ အသေအချာဆုံးဖြတ်ချက်ချစမ်းပါ. . . (မှန်လှပါဘုရား)။

ကဲ. . . ဒါဖြင့် ဦးခင်မောင် ရှေ့က **သက္ကာယဒိဋ္ဌိ**ဖြုတ်ပုံနဲ့ အများကြီးကွာသွားတယ်. . . (မှန်လှပါဘုရား)။ ဦးဘအုန်း မကွာဘူးလား. . . (ကွာပါတယ်ဘုရား)။ ကွာသွားပြီနော်။

ဒါ ကိုယ့်သန္တာန်ဖြစ်စဉ်ထဲမှာကို ဘုန်းကြီးက ခုဖော်ပြော လိုက်တဲ့အတွက် ဒီဖြစ်စဉ်ကလည်း ဒီတွေးလုံးနဲ့ ဒီစိုးရိမ်လုံးဟာ မလာပါနဲ့ဆိုလို့ရမှာလား. . . (မရပါဘူးဘုရား)။

ဩော်. . . ဒီဥစ္စာတွေဟာ **ဓမ္မ**သဘောပေါ်လာတာတွေ ပဲလို့ မသိဘူးလား. . . (သိပါတယ်ဘုရား)။ အင်း. . . ဓမ္မ သဘောပေါ်လာတာတွေသိတဲ့အခါကျတော့ ငါဒီထဲမပါဘူးဆို

## ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကျတော့

ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကျတော့ **ဓမ္မတွေသာ** ဆက်သွားတာပဲဟေ့. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ပုဂ္ဂိုလ်သတ္တဝါတတ်သေးသလား. . . (မတတ်ပါဘူးဘုရား)။ ဒါ ဘယ်ပုဂ္ဂိုလ်အတွက် ဟောတာပါလိမ့်ဆိုတော့ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်အတွက် မဂ်ရစေချင်တဲ့ပုဂ္ဂိုလ်အတွက် ဒီတရားဟောရမယ်. . . (မှန်လှပါဘုရား)။

ဟို မဂ်ကို မရထိုက်တဲ့ ပုဂ္ဂိုလ်အတွက်တော့ကွာ သူစုတေပြီးသကာလ ဟေ. . . ခွေးဖြစ်တယ်ဟေ့၊ နတ်ဖြစ်တယ်ဟေ့၊ ဒါ မဂ်မရထိုက်တဲ့ ပုဂ္ဂိုလ်အတွက်ကတော့ တစ်မျိုးပြောရမယ်. . . (မှန်လှပါဘုရား)။

## မဂ်ကိုချက်ချင်းရဖို့ဟောနေတာ

ခု ဟောနေတာကတော့ဖြင့် ဘုန်းကြီးဟောနေတာကတော့ဖြင့် ဒကာ ဒကာမတို့ မဂ်ကိုချက်ချင်းရဖို့ ဟောနေတဲ့အတွက် ပုဂ္ဂိုလ် သတ္တဝါ မပါတော့ဘူး. . . (မှန်လှပါဘုရား)။ ပါသေးရဲ့လား. . . (မပါတော့ပါဘူးဘုရား)။

တွေးတာလည်း **တွေးစိတ်**ပဲ၊ အင်း စိတ်မချတာလည်း **ဒေါသစိတ်**ပဲ. . . (မှန်လှပါဘုရား)။ နောက် **သောကစိတ်**မလာ

တာ ခင်ဗျားတို့ ရှင်းသွားပါပြီ. . . (ရှင်းပါပြီဘုရား)။ မရှင်းသေး ဘူးလား. . . (ရှင်းပါပြီဘုရား)။

## သက္ကာယဒိဋ္ဌိပြုတ်တယ်

ဒါဖြင့် သက္ကာယဒိဋ္ဌိပြုတ်မပြုတ်. . . (ပြုတ်ပါတယ် ဘုရား)။ တစ်နေ့လုံးလှည့်နေတာ ဒါမျိုးချည့်ပဲ၊ သူနဲ့အသွင်တူ တာလည်း ပါလိမ့်မယ်၊ မတူတာလည်း ပါလိမ့်မယ် ဦးခင်မောင် . . . (မှန်လှပါဘုရား)။

အဲ့ဒါတွေ ဘာတွေတုံးမေးတော့ ဓမ္မတွေပဲဘုရား၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။ ဘာတွေပါလိမ့်. . . (ဓမ္မ တွေပါဘုရား)။

ဓမ္မတွေ လှည့်နေတာဘုရားဆိုကတည်းက ပုဂ္ဂိုလ် သတ္တဝါ ငါသူတစ်ပါး ယောကျ်ားတွေ ပါသေးသလား. . . (မပါပါဘူးဘုရား)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

အေး. . . ဒီဉစ္စာက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတာကလည်း အမှန်၊ ဘုန်းကြီးကပြောတာကလည်း အမှန်၊ ခင်ဗျားတို့က ဒီဉစ္စာကို နဂိုတုန်းက ငါတွေးလိုက်တာကွာ၊ ငါ့ကို ဘယ်နှယ့်ဖြစ်သွားမှန်းမသိဘူးဆိုတော့ ငါတွေးလိုက်တာ၊ တွေးစိတ်ကို ဦးဘအုန်း ငါစွဲလိုက်ပြန်တယ်. . . (မှန်လှပါ ဘုရား)။

## တစ်နေ့လုံးဘာတွေလှည့်နေပါလိမ့်

ငါ ဘယ်နှယ့်ဖြစ်သွားမှန်းမသိဘူးဆိုတော့ ဒေါသဖြစ်တာကိုလည်း ငါထင်လိုက်ပြန်တယ်. . . (မှန်လှပါဘုရား)။

အဲဒီတော့ ခုတော့ဖြင့် ရှင်းကြပါပလား. . . (ရှင်းပါပြီဘုရား)။ သဘောပါကြပြီလား. . . (ပါပါပြီဘုရား)။

အင်း. . . တစ်နေ့လုံး ဘာတွေများ လှည့်နေပါလိမ့် . . . (ဓမ္မချည့်လှည့်နေပါတယ်ဘုရား)။ တစ်သံသရာလုံးကော . . . (ဓမ္မချည့်လှည့်နေပါတယ်ဘုရား)။

## ညာဏ်နုတဲ့ပုဂ္ဂိုလ်ဟောတာ

ဩော်. . . ဒါဖြင့် ဘယ်ပုဂ္ဂိုလ်က ဘယ်ဘဝရောက်သွားတယ်၊ ဘယ်ပုဂ္ဂိုလ်ဘယ်ဘဝရောက်သွားတယ်ဆိုတာ ဒကာဒကာမတို့ နုသော ပုဂ္ဂိုလ်ဟောတာနော်. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (မှန်လှပါဘုရား)။

ဘယ်ပုဂ္ဂိုလ်သည် သေသည်၏အခြားမဲ့၌ ဘယ်ရောက်သွားတယ်လို့ ဘုရားက အတိတ်များဆောင်၊ အနာဂတ်များဆောင်ပြီး ဟောတဲ့အခါ ဦးခင်မောင်ရေ ဒါညာဏ်နုတဲ့ပုဂ္ဂိုလ်ဟောတာ. . . (မှန်လှပါဘုရား)။

ဘူးလား. . . (လာပါတယ်ဘုရား)။ **သောကစိတ်**ချုပ်သွားတော့ **ပရိဒေဝစိတ်**မလာဘူးလား. . . (လာပါတယ်ဘုရား)။

ပရိဒေဝပြီး ဥပါယာသ မလာဘူးလား. . . (လာပါတယ်ဘုရား)။ ဒါဖြင့် နောက်ဆက်မှာတွေလည်း ဘာတွေပါလိမ့်မတုံး သူသာန်မပို့ရမချင်း ဆက်နေမှာလည်း ဘာတွေပါလိမ့်မတုံးလို့ ဦးခင်မောင်တို့ ဦးဝတို့ မေးပြီ. . . (ဓမ္မတွေပါဘုရား)။ ဓမ္မတွေပဲ ဆက်မယ်. . . (မှန်လှပါဘုရား)။ သဘောကျကြပြီလား. . . (ကျပါတယ်ဘုရား)။

## သက္ကာယဒိဋ္ဌိပြုတ်တဲ့နည်း

ဓမ္မတွေ ဆက်နေတယ်ဆိုကတည်းက ဩော်. . . ငါတော့မပါဘူး၊ သူတော့မပါတာသေချာပါတယ် ဆိုနိုင်ကြပြီလား. . . (ဆိုနိုင်ပါတယ်ဘုရား)။ အဲ့ဒါ ဘာဖြုတ်လိုက်တာတုံး. . . (သက္ကာယဒိဋ္ဌိပြုတ်လိုက်တာပါဘုရား)။

သက္ကာယဒိဋ္ဌိအသေအချာဖြုတ်တဲ့ နည်းပဲ. . . (မှန်လှပါဘုရား)။ ရှင်းသွားပြီလား. . . (ရှင်းသွားပါပြီဘုရား)။

## အပါယ်တော့မကျတော့ဘူး

ဒီလောက်သိရင် **အပါယ်တော့** မကျဘူး၊ စိတ်သာချ **သောတာပန်တော့** မတည်သေးဘူး၊ မတည်တောင် **အပါယ်**

တော့မကျဘူး၊ သြော်. . . ဓမ္မတွေဆက်ပြီးသကာလ လှည့်ပတ်ဖြစ်ပေါ်နေတာကိုးလို့ မသိသေးဘူးလား. . . (သိပါပြီဘုရား)။

ဒီကနေပြီး သကာလ **ဥပါယာသ** ပြီးတော့ ဖျက်ဆိုအိပ်ပျော်သွားတယ်၊ အိပ်ပျော်သွားတယ် ဦးခင်မောင်ရေ . . . (မှန်လှပါဘုရား)။ အိပ်ပျော်သွားတော့လည်း ဘဝင်စိတ်တွေနဲ့ အိပ်သွားတာပဲ . . . (မှန်လှပါဘုရား)။

## ဘဝင်စိတ်နဲ့အိပ်သွားတယ်

တစ်ခုချုပ်ပြီး တစ်ခုဖြစ်၊ တစ်ခုချုပ်ပြီးတော့. . . (တစ်ခုဖြစ်ပါတယ်ဘုရား)။ ဘယ်သူအိပ်ပါလိမ့်မလဲဆိုတော့ အို. . . အိပ်စိတ်တွေ အစဉ်အတိုင်း ဖြစ်နေတာ. . . (မှန်လှပါဘုရား)။ ဘယ်နှယ့်ဆိုကြမယ်. . . (အိပ်စိတ်တွေအစဉ်အတိုင်းဖြစ်နေပါတယ်ဘုရား)။

ဒါတွေလည်း **ဓမ္မတွေ**ပဲ မဟုတ်လားဗျာ. . . (မှန်လှပါဘုရား)။ ပုဂ္ဂိုလ်ပါသေးသလား. . . (မပါပါဘူးဘုရား)။ မပါပါဘူး ဒကာ ဒကာမတွေရ **ဓမ္မတွေ**ပဲ တန်းဖြစ်လာတယ်။ နောက်နိုးလာတဲ့အခါကျတော့ အင်း. . . နိုးလာတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ နိုးစိတ်ကလေးပေါ်လာတော့လည်း ဒကာ ဒကာမတို့ ပုဂ္ဂိုလ်သတ္တဝါနိုးတာလား၊ နိုးစိတ်ကလေးပေါ်တာလား. . . (နိုးစိတ်ကလေးပေါ်တာပါဘုရား)။

## နိုးလာတော့လည်းပုဂ္ဂိုလ်မပါဘူး

နိုးလာပြန်တော့လည်း ပုဂ္ဂိုလ်မပါဘူး၊ နိုးရာကနေပြီး သကာလ တွေးပြန်တယ်ဆိုပြန်တော့ကော. . . (တွေးစိတ်ပါဘုရား)။ တွေးစိတ်သာပေါ်တာပဲ ဒကာ ဒကာမတို့၊ ဟာ. . . ဦးခင်မောင် အတော်ကျယ်သွားပြီး. . . (မှန်လှပါဘုရား)။ နေရာကျသွားပြီ။

ဒကာ ဒကာမတို့ ဩော်. . . ဒီလိုအစဉ်သာဒီလိုပတ်ပြီး သကာလ ဒီလို ရဟတ်လို လည်နေတာပါလား၊ ဒါမှ တစ်ပါးအခြားပြောစရာရှိသေးသလား. . . (မရှိပါဘူးဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ **သက္ကာယဒိဋ္ဌိ**ပြုတ်ပါပြီလား. . . (ပြုတ်ပါပြီဘုရား)။ ဒါဖြင့် နောက်ဒိဋ္ဌိနှစ်မျိုးဖြုတ်ဖို့လွယ်သွားပြီ။ လွယ်သွားပြီ ဒကာ ဒကာမတို့. . . (မှန်လှပါဘုရား)။

## ဓမ္မတွေသာလှည့်ပတ်ဖြစ်နေတာ

ဓမ္မတွေသာ လှည့်ပတ်ဖြစ်နေတယ်ဆိုတာဖြင့် ကောင်းကောင်း ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။ ဩော် . . . **နိဗ္ဗာန်**မရသေး ငါများဘာဖြစ်ပါလိမ့်ဦးမတုံးလို့ တွေးချင်ကြသေးရဲ့လား. . . (မတွေးချင်ပါဘူးဘုရား)။

စိတ်ကူးထဲမှာ အတွေးမှန်တွေးရင် ဘယ်လိုတွေးကြမယ်

. . . (ဓမ္မတွေသာ ဖြစ်နေပါတယ်ဘုရား)။ အင်း. . . စေတီဓမ္မတွေ ပဋိသန္ဓေစိတ်ဓမ္မတွေ ဟုတ်လား၊ ဘဝင်စိတ်ဓမ္မတွေ၊ ကုသိုလ်စိတ်ဓမ္မတွေ၊ အင်း. . . ဒေါသစိတ်ဓမ္မတွေ၊ လောဘစိတ်ဓမ္မတွေ ဒါတွေပဲလှည့်နေတယ်. . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## ချက်ချင်းမဂ်ဆိုက်အောင်ဟောတဲ့တရား

ပုဂ္ဂိုလ်သတ္တဝါ ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူးဘုရား)။ အဲ. . . ခုဟောတဲ့တရားဟာ ဒကာ ဒကာမတို့ ချက်ချင်းပဲ မဂ်ဆိုက်အောင် ဟောနေတဲ့တရားဖြစ်သောကြောင့် ပုဂ္ဂိုလ် သတ္တဝါကို နဂိုကတည်းက ပယ်ပြီး ဟောထားတယ် . . . (မှန်လှပါဘုရား)။ ရှင်းကြပြီလား. . . (ရှင်းပါပြီ ဘုရား)။

ဘယ်သူ့ပယ်ဟောပါလိမ့်. . . (ပုဂ္ဂိုလ်သတ္တဝါပယ် ဟောပါတယ်ဘုရား)။ ပုဂ္ဂိုလ်သတ္တဝါပယ်ဟောတယ်ဆိုတာရှိ လို့လားလို့ မေးတဲ့အခါကျတော့ အစစ်ကတော့ မရှိတာ အမှန်ပဲ. . . (မှန်လှပါဘုရား)။

ဘာဖြစ်လို့ ဘုရားက ပုဂ္ဂိုလ်သတ္တဝါတတ်လာပါလိမ့် မတုံး၊ ဘယ်သူဖြင့်ကွာ သေသွားလို့ နတ်ဖြစ်ရှာတယ်၊ ဘယ်သူဖြင့် သေသွားတဲ့အခါ ဝက်ဖြစ်ရှာတယ်ဆိုတော့ အို. . . ဒါ ဉာဏ်နုတဲ့ပုဂ္ဂိုလ်အတွက် ဟောတာ. . . (မှန်လှပါဘုရား)။

## ဉာဏ်ရင့်တဲ့ပုဂ္ဂိုလ်ကိုဟောတာ

ဉာဏ်ရင့်တဲ့ပုဂ္ဂိုလ်ကျတော့ ဒီအတိုင်း **ဓမ္မတွေလှည့်တာ** သာ ဟောတာ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီ ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတွေ **ဘုန်းရှိကံရှိ ဘုန်းထူး၊ ကံထူးတွေမို့** အင်း. . . ဒိဋ္ဌိလည်းကွာပြီ၊ ဒိဋ္ဌိကိုကွာသွားပြီ . . . (မှန်လှပါဘုရား)။ ငါဆိုတာ ဒီထဲမယ်ရှာစမ်း. . . (မရှိပါဘူးဘုရား)။ ဘာတွေသာတွေ့တုံး. . . (ဓမ္မတွေသာတွေ့ပါတယ် ဘုရား)။

ဩော်. . . **ဓမ္မတွေ**၊ တစ်ခါတလေ **လောဘဓမ္မတွေ့လိုက်၊ ဒေါသဓမ္မတွေ့လိုက်၊** မတွေ့ပေဘူးလား. . . (တွေ့ပါတယ်ဘုရား)။

## ဓမ္မစက်ကြီးလည်နေတာ

ဒါဖြင့် ဓမ္မမှတစ်ပါး ဘာများတွေ့ကြသေးသတုံး. . . (ဘာမှမတွေ့ပါဘူးဘုရား)။ အင်း. . . ဒါဖြင့် ဓမ္မစက်ကြီးလည်နေတာပေါ့. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီ ဘုရား)။

ဘာစက်ကြီးလည်နေသတုံး . . . (ဓမ္မစက်ကြီးလည်နေတာပါဘုရား)။ အင်း ပုဂ္ဂိုလ်သတ္တဝါတော့ မလည်ပါဘူး၊ ဒါဖြင့်

သံသရာလည်တဲ့ ပုဂ္ဂိုလ်ရှိပါသေးလားတဲ့၊ ဓမ္မသာလည် နေတာလား. . . (ဓမ္မသာလည်နေတာပါဘုရား)။

အဲ. . . ဓမ္မလည်နေတာကို ခင်ဗျားတို့က သံသရာကြီး ကျုပ်တို့လည်ခဲ့လှပြီဆိုတော့၊ သံသရာလည်း လည်ခဲ့သေးတယ်၊ ကျုပ်တို့လည်း ပါလိုက်သေးတယ်ဆိုတော့ ဓမ္မလည်နေတာ မသိတော့ဘူး ပုဂ္ဂိုလ်ဖြစ်နေတယ်. . . (မှန်လှပါဘုရား)။ ရှင်းကြပြီလား. . . (ရှင်းပါပြီ ဘုရား)။

ဒီနေ့ ကျယ်ကျယ်ဝန်းဝန်း ဟောရတဲ့နေ့၊ သီတင်းနေ့ လည်းဖြစ် ကျယ်ကျယ်ဝန်းဝန်းလည်း ပြောရတဲ့နေ့မို့ ကျယ်ကျယ် ဝန်းဝန်း နားလည်သွားတာ ဘုန်းကြီးဖြင့် ဝမ်းသာလို့ မဆုံးပါဘူး . . . (မှန်လှပါဘုရား)။

တစ်သံသရာလုံး ဘာတွေများလှည့်နေသတုံး. . . (ဓမ္မ တွေပဲ လှည့်နေတာပါဘုရား)။ ဓမ္မတွေပဲ လှည့်နေတယ်။ ဩော် . . . ဒါ သံသရာခေါ်တာပဲ။

## ဓမ္မတွေလှည့်နေတာသံသရာ

ဩော်. . . သံသရာဆိုတာ ဘာပါလိမ့်. . . (ဓမ္မတွေ လှည့်နေတာပါဘုရား)။ ဒါဖြင့် ဒီ **ဓမ္မတွေ**လှည့်နေတာကို သံသရာခေါ်တာပဲဆိုတာ ဦးခင်မောင် ကောင်းကောင်း ကျေနပ် ပြီလား. . . (ကျေနပ်ပါပြီဘုရား)။

အဲ့ဒါ ဉာဏ်နုတဲ့ပုဂ္ဂိုလ်ကျတော့ကွာတဲ့ မင်းတို့ဖြစ်စဉ် ဟာ ဒါဘာပဲကွာ၊ ဟောဒါက **လူပုဂ္ဂိုလ်**၊ ဟောဟာက ဟိုဘက် သွားတာ **နတ်ပုဂ္ဂိုလ်**၊ ဟိုဘက်သွားတော့ **ပြဟ္မာပုဂ္ဂိုလ်**လို့ ဆိုတာ ဒကာ ဒကာမတွေ **ဉာဏ်နုတဲ့** ပုဂ္ဂိုလ်အတွက် ဟောတာ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ချက်ချင်းထွက်ရပ်လမ်းပေါက်မယ့်ပုဂ္ဂိုလ်တွေ ဟောတော့ အဲ့ဒါတွေ အကုန်ဖြုတ်ပစ်ခဲ့ရတယ်. . . (မှန်လှပါ ဘုရား)။ ဒါမှ **အနိစ္စ**ပေါ်မှာ. . . (မှန်လှပါဘုရား)။ ပုဂ္ဂိုလ်ထည့် ရင် **အနိစ္စ**မရနိုင်တော့ဘူး. . . (မရနိုင်ပါဘုရား)။

## တရားဟောနည်းနှစ်မျိုး

ဒါကြောင့် တရားဟောနည်းသည်

၁။ **ဉာဏ်နုတဲ့ပုဂ္ဂိုလ်ဟောနည်းတစ်မျိုး**

၂။ **ဉာဏ်ရင့်တဲ့ပုဂ္ဂိုလ်ဟောနည်းတစ်မျိုး**လို့ မှတ် လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

**ဉာဏ်နုတဲ့ပုဂ္ဂိုလ်**ကျတော့ ပုဂ္ဂိုလ်တတ်ပြီး ဟောတယ် . . . (မှန်လှပါဘုရား)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

**ဉာဏ်ရင့်တဲ့** ပုဂ္ဂိုလ်ကျတော့ **ဓမ္မနာမည်**နဲ့ ဟောသွား တယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီ ဘုရား)။ ဉာဏ်နုတဲ့ပုဂ္ဂိုလ်ကျတော့. . . (ပုဂ္ဂိုလ်တတ်ပြီးဟောပါတယ်ဘုရား)။

ဟာ. . . ဘယ်ပုဂ္ဂိုလ်က ဘယ်ရောက်သွားတယ်ပေါ့၊ ဘယ်က လာခဲ့ပြီ၊ ဘယ်ရောက်သွားပြီပေါ့၊ အင်း. . . ဒါဘယ်သူ့ဟော တာပါလိမ့်. . . (ဉာဏ်နုတဲ့သူအတွက် ဟောတာပါဘုရား)။

## ခမ္မကာမှန်တယ်၊ ပုဂ္ဂိုလ်ကာမမှန်ဘူး

ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကျတော့ကွာတဲ့ ဒီလိုမဟောတော့ ဘူး၊ ဓမ္မစက်ကြီးလည်နေတာပဲကွ၊ သဘောကျပြီလား. . . (ကျ ပါပြီဘုရား)။

ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကျတော့. . . (ဓမ္မစက်ကြီး လည် နေတာပါဘုရား)။ ဓမ္မစက်ကြီးလည်နေတာပဲ။

အဲဒီတော့ ဘယ်သူက နှစ်နှစ်ခြိုက်ခြိုက် လေးလေး စားစား မှန်ပါလိမ့်မလဲလို့ တွေးတော့မှ ဓမ္မက မှန်တယ်၊ ပုဂ္ဂိုလ်က မမှန်ဘူး. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ဉာဏ်နုတဲ့ပုဂ္ဂိုလ်

သို့သော် ဉာဏ်နုတဲ့ပုဂ္ဂိုလ်ကို ပုဂ္ဂိုလ်နာမ၊ တပ်မဟော လို့ရှိရင် သူဟာ ဘာမှ နားလည်တော့မှာမဟုတ်ဘူး၊ ဘာကုသိုလ် မှလည်း သူပြုမှာမဟုတ်ဘူး၊ ဘယ်အကုသိုလ်မှလည်း သူရှောင် တော့မှာမဟုတ်လို့ ပုဂ္ဂိုလ်သတ္တဝါနဲ့ ဟောရတယ်၊ အကုသိုလ် လုပ်ရင် ဟော. . . ခွေးဖြစ်တယ်ကွ၊ ဟော. . . ကုသိုလ်လုပ်လို့ရှိ

ရင် **နတ်ဖြစ်တယ်ကွ**၊ ပုဂ္ဂိုလ်နဲ့ တတ်ဟောရတယ်. . . (မှန်လှပါဘုရား)။

ဒီလိုမှ မဟောလိုက်လို့ရှိရင်လည်း သူကုသိုလ်လည်း လုပ်ဖြစ်မှာ မဟုတ်ဘူး၊ အကုသိုလ်လည်း လုပ်ချင်ရင် ရမ်းလုပ်ဖြစ်မယ်ဆိုတော့ ဦးခင်မောင်တို့၊ ဒကာသစ်တို့ ဟောရပေမှာပဲ . . . (မှန်လှပါဘုရား)။ မဟောရပေဘူးလား. . . (ဟောရပါတယ်ဘုရား)။

## တရားနှစ်မျိုးထားဟောရတယ်

ဒါဖြင့် ဩော်. . . တို့ ဆရာဘုန်းကြီးက တရားနှစ်မျိုးထားပြီး သကာလ တို့ နားလည်မှု ယနေ့စဟောပါလားဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)။ မပေါ်လာသေးဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

တရားက နှစ်မျိုးထားရတယ်. . . (မှန်လှပါဘုရား)။ ဉာဏ်နုတဲ့ပုဂ္ဂိုလ်အတွက်ဆိုရင် ပုဂ္ဂိုလ်နဲ့ထည့်ဟော. . . (မှန်လှပါဘုရား)။ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကျတော့. . . (ဓမ္မနဲ့ဟောပါဘုရား)။ **ဓမ္မအစဉ်နဲ့**ဟော၊ ကဲ ဦးဘအုန်း ကောင်းကောင်းကျေနပ်ပြီလား. . . (ကျေနပ်ပါပြီဘုရား)။

**သက္ကာယဒိဋ္ဌိမပြုတ်**

ကောင်းပြီ ဒါဖြင့် **ဓမ္မအစဉ်နဲ့** ဟောလိုက်တော့ကို **သက္ကာယဒိဋ္ဌိ**ပြုတ်တယ်. . . (မှန်လှပါဘုရား)။ **ပုဂ္ဂိုလ်နဲ့** ဟောလိုက်တော့ **သက္ကာယဒိဋ္ဌိ**မပြုတ်ဘူး. . . (မပြုတ်ပါဘုရား)။ ရှင်းပြီလား. . . ( ရှင်းပါပြီဘုရား)။

ပုဂ္ဂိုလ်နဲ့ဟောလိုက်တော့. . . (သက္ကာယဒိဋ္ဌိမပြုတ်ပါဘုရား)။ အင်း. . . ငါလုပ် ငါရမှာပဲဆိုတော့ သွားပြီ၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။ ငါလှူရင် ငါနတ်ဖြစ်မှာပဲ၊ ငါပေးကမ်းလို့ရှိရင် ငါနောင်ဘဝ ပေါမှာပဲ၊ စဉ်းစားစမ်း ပုဂ္ဂိုလ်နဲ့ ဟောလိုက်တော့ ဘာဝင်ကပ်လာသတုံး. . . (သက္ကာယဒိဋ္ဌိ ဝင်ကပ်ပါတယ်ဘုရား)။

ဒါ ခွဲခြားသိပါ၊ ခွဲခြားသ်ပါ၊ ယနေ့ ပြောတဲ့ဥစ္စာ၊ သာမည အရေးလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မမှတ်လိုက်နဲ့၊ ပုဂ္ဂိုလ်နဲ့ ဟောရင် **သက္ကာယဒိဋ္ဌိ**ဝင်လာတယ်၊ မဝင်ပါနဲ့ဆိုလို့. . . (မရပါဘူးဘုရား)။ ကောင်းကောင်းသဘောပါကြပြီလား. . . (ပါပါတယ်ဘုရား)။

ကိုင်း. . . ဓမ္မနဲ့ ဟောလိုက်တော့ ဘယ်ဓမ္မဖြစ်တယ်၊ ဘယ်ဓမ္မဖြစ်တယ်၊ အင်း တွေးတဲ့ ဓမ္မဖြစ်တယ်၊ စိုးရိမ်တဲ့ဓမ္မဖြစ်တယ်ဆိုတာတွေ ဟောလိုက်တော့ ပုဂ္ဂိုလ်သတ္တဝါ မပါတော့ ဒိဋ္ဌိက ပြုတ်မနေဘူးလား. . . (ပြုတ်နေပါတယ်ဘုရား)။

ငါလုပ်လို့ ငါရရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ မရှိတော့ဘူးဆိုတော့ ဩော်. . . ပုဂ္ဂိုလ်နဲ့ဟောရတာ ဒိဋ္ဌိမပြုတ်ပါလား။ ဒါကြောင့် ဉာဏ်နုတဲ့ပုဂ္ဂိုလ်ဟောတာပါလား. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ပရမတ္ထသစ္စာ

ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကျတော့ ဓမ္မနဲ့ ဟောလိုက်ကတည်းက **သက္ကာယဒိဋ္ဌိ**အပြုတ်ဟောချလိုက်တယ်. . . (မှန်လှပါဘုရား)။

ဒါဖြင့် သေသေချာချာ မှန်တာက ဘယ်ဟာက မှန်သတုံးဆိုတော့ ဟိုဟာက သမုတ်ပြီး မှန်တာ၊ သူက ရှိပြီး မှန်တာ. . . (မှန်လှပါဘုရား)။

ဒါဖြင့် **သမုတ်မှန်နဲ့ ရှိမှန်** ဦးခင်မောင် ဘယ်ဟာ အတည်ပြု မတုံး. . . (အရှိမှန် အတည်ပြုရမှာပါဘုရား)။ ဟိုဟာက လောကသမုတ်ထားကြတာ. . . (မှန်လှပါဘုရား)။

ဒါဖြင့် ဟိုဟာက ဒါကြောင့် **သမုတိသစ္စာ**၊ ဒီဟာက **ပရမတ္ထသစ္စာ**ဟောနေတယ်၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## သမုတိသစ္စာ

ပုဂ္ဂိုလ်နဲ့ ဟောတာက. . . (သမုတိသစ္စာပါဘုရား)။

**သမုတိသစ္စာ**၊ **သမုတိသစ္စာ**နဲ့ ဟောလိုက်ရင် ဒိဋ္ဌိက ဝင်လာတာ . . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

**သမုတိသစ္စာ**နဲ့ ဟောလိုက်ရင်. . . (ဒိဋ္ဌိကဝင်လာတာပါဘုရား)။ အို. . . ငါလူ့လို့ ငါရတာပဲ၊ ငါမကောင်းတာလုပ်ရင် ငါအပါယ်သွားမှာပေါ့၊ ဟော ငါဝင်လာပြီ၊ မဝင်ပါနဲ့ဆိုလို့ . . . (မရပါဘူးဘုရား)။ မရဘူးဆိုတာ သေချာပြီလား. . . (သေချာပါပြီဘုရား)။

ခမ္မနဲ့ဆိုတော့ နဂိုကမှ **ခမ္မတွေ အစဉ်တွေ**ဖြစ်နေတာပဲ ဆိုတော့ နဂိုကတည်းက **ခမ္မအစဉ်တွေဖြစ်တာ ပျက်တာကို** ဒကာ ဒကာမတွေက သိနေတော့ ဦးခင်မောင်ရ "ငါ"ကို ဝင်စရာ မပါဘူးဗျာ. . . (မပါပါဘုရား)၊ ပါသေးရဲ့လား. . . (မပါပါဘူးဘုရား)။

ဩော်. . . တော်တော်အဖိုးတန်သွားပါပေါ့လား. . . (မှန်လှပါဘုရား)။ ဒကာ ဒကာမတို့ အင်မတန်အဖိုးတန်သွားပြီ မို့လား. . . (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒါ **သက္ကာယဒိဋ္ဌိ**ပြုတ်တာ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ခန္ဓာတစ်ခုလုံးခမ္မတွေစုနေတယ်

သူပြုတ်လို့ရှိရင် မစိုးရိမ်ပါနဲ့တော့တဲ့၊ **သဿတဒိဋ္ဌိ**၊

ဥစ္ဆေဒဒိဋ္ဌိဟာ သူပြုတ်ရင် ပြုတ်တော့မှာပဲ. . . (မှန်ပါဘုရား)။ ပြုတ်တော့မှာပဲ ဒကာ ဒကာမတို့ ဘာမှ ပူစရာမရှိတော့ဘူး. . . (မှန်လှပါဘုရား)။ ကဲ. . . ကျေနပ်ပြီလား. . . (ကျေနပ်ပါပြီ ဘုရား)။ **သက္ကာယဒိဋ္ဌိပြုတ်ပြီလား. . . (ပြုတ်ပါပြီဘုရား)။**

ခန္ဓာထဲမှာ ပေါ်တိုင်းပေါ်တိုင်း ဘာတွေများ ပေါ်နေကြ တုံး. . . (ဓမ္မတွေပဲပေါ်နေပါတယ်ဘုရား)။ ခန္ဓာတစ်ခုလုံးက လည်း ဘာတွေများ စုနေသတုံး. . . (ဓမ္မတွေပဲ စုနေပါတယ် ဘုရား)။

## အပါယ်တံခါးပိတ်တယ်

ဓမ္မတွေချည့်စုပြီးသကာလနေတော့ ဩော်. . . ဓမ္မ သက်သက်ပဲ၊ ဓမ္မအစုပဲလို့ ဦးဘအုန်း ဆိုဆို. . . (မှန်လှပါ ဘုရား)။ ပုဂ္ဂိုလ်သတ္တဝါအစုတော့. . . (မဟုတ်ပါဘူးဘုရား)။

ယောကျ်ားတွေစုနေတာ မနည်းဘူး ဒီလိုမဟုတ်ပါဘူး၊ မိန်းမတွေ စုနေတာ. . . (မဟုတ်ပါဘူးဘုရား)။ မဟုတ်ပါဘူးတဲ့၊ ဓမ္မတွေစုနေတာ. . . (မှန်လှပါဘုရား)။ သဘောပါကြပြီလား . . . (ပါပါပြီဘုရား)။

ဘာတွေများ စုနေသတုံး. . . (ဓမ္မတွေပဲ စုနေပါတယ် ဘုရား)။ ဩော်. . . ဒါတစ်လုံးသိလိုက်ရတာ ခင်ဗျားတို့အပါယ် တံခါးပိတ်တယ်နော်. . . (မှန်လှပါဘုရား)။

အပါယ်တံခါးပိတ်တယ်၊ ဒီအသိ သေးတဲ့အသိရယ်လို့ အောက်မေ့မနေကြနဲ့. . . (မှန်လှပါဘုရား)။ ဦးခင်မောင် ဒါ သေးသေးသွယ်သွယ် အသိလို့ မမှတ်ပါနဲ့. . . (မှန်လှပါဘုရား)။

## ဓမ္မတွေဆက်စပ်နေတာ

ဓမ္မတွေလည်နေတာကို သိလို့ရှိရင်၊ ဓမ္မတွေ ဆက်စပ်နေတာကို သိလို့ရှိရင် သက္ကာယဒိဋ္ဌိက အသေအချာပြုတ်တယ်. . . (မှန်လှပါဘုရား)။ မပြုတ်သေးဘူးလား. . . (ပြုတ်ပါတယ်ဘုရား)။ ကိုင်း. . . အင်မတန် အဖိုးတန်သွားပြီဆိုတာ ကောင်းကောင်းသဘောပါကြပြီလား. . . (ပါပါပြီဘုရား)။

ကဲ. . . သဿတဒိဋ္ဌိဖျောက်ပါဦးမယ်ဆိုတော့ ဟောဒီ ဓမ္မ (၁) တစ်နံပါတ် တွေးလုံးချုပ်ပြီးတော့မှ (၂) နှစ်နံပါတ်ဆိုတဲ့ ဒကာ ဒကာမတို့ ဆွေးလုံးလာတာပါ. . . (မှန်လှပါဘုရား)။

## တွေးလုံးချုပ်မှ ဆွေးလုံးလာတာ

တစ်နံပါတ် **တွေးလုံးချုပ်မှ**. . . (နှစ်နံပါတ်ဆွေးလုံးလာတာပါဘုရား)။ စိတ်မချတဲ့**ဆွေးလုံး**၊ တစ်နံပါတ်တွေးမှုမှ မရှိဘဲနဲ့ ဆွေးမှုဟာ မလာပါဘူး။

ဒါဖြင့် ဆွေးမှုဖြစ်ပေါ်နေတော့ ဦးဘအုန်းတို့ ဒကာသစ်တို့က စဉ်းစား၊ တွေးမှုရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

တွေးမှုကြောင့် ဘာဖြစ်တာတုံး. . . (ဆွေးမှုဖြစ်တာပါဘုရား)။ ဩော်. . . ဒါဖြင့် ဆွေးမှုဖြစ်တော့ကို တွေးမှုရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ဒါဖြင့် တွေးမှုလေးချုပ်သွားပြီ ဒကာ ဒကာမတို့. . . (မှန်လှပါဘုရား)။ တွေးမှုဓမ္မလေး ဘာဖြစ်သွားသတုံး. . . (ချုပ်သွားပါပြီဘုရား)။

## တွေးမှုဓမ္မလေးမခိုင်မြဲဘူး

တွေးမှုဓမ္မလေး ချုပ်သွားတာကို ဒကာ ဒကာမတွေ ဉာဏ်ကလေးနဲ့ ဒီကြားက သိသိပေးတာပေါ့နော်၊ တွေးမှုဓမ္မလေးချုပ်သွားတာကို ဉာဏ်ကလေးနဲ့ သိသိ သိသိပေးလိုက်တဲ့အခါကျတော့ အင်. . . ဒီဥစ္စာ မခိုင်ဘူး၊ မမြဲဘူးဆိုတာ ပေါ်မလာ ဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာကတည်းကိုက **သဿတဒိဋ္ဌိ**ပြုတ်သွားပြီ. . . (မှန်လှပါဘုရား)။ ဓမ္မသိတုန်းက **သက္ကာယ**ပြုတ်ခဲ့တယ်. . . (မှန်လှပါဘုရား)။

ဒါလေးဟာ မရှိဘူး၊ တွေးမှုမရှိမှ ဆွေးမှုပေါ်တာကို သိလိုက်သဖြင့် တွေးမှုမရှိတာကို ကောင်းကောင်းမသိဘူးလား. . . (သိပါတယ်ဘုရား)။

## သသသတဒိဋ္ဌိစင်ပြီ

အင် တွေးမှုမရှိတာ ကောင်းကောင်းသိကတည်းကိုက ခိုင်တယ်မြဲတယ်လို့ ကိုယ့်ဓမ္မလေးဟာ ငါခိုင်တယ်၊ ငါမြဲတယ် လို့ ယူလို့ရသေးရဲ့လား . . . (မရပါဘူးဘုရား)၊ ဒါဖြင့် **သသသတ ဒိဋ္ဌိ**ပါစင်ပြီ. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဘာစင်သွားသတုံး . . . (သသသတဒိဋ္ဌိစင်သွားပါတယ် ဘုရား)၊ **သသသတဒိဋ္ဌိ** စင်သွားပြီ ဒကာ ဒကာမတို့၊ အပါယ်ကို ကျေးဇူးပြုတဲ့ ဒိဋ္ဌိသုံးခုတော့ဖြင့် ယနေ့ အရရှင်းရမှာပဲ . . . (မှန်လှပါဘုရား)။

## ဒိဋ္ဌိတွေကြောင့်အပါယ်ကျတာ

ဘာမှမပူနဲ့ ဒကာ ဒကာမတွေ ဒီပြင်ဟာကြောင့် အပါယ်ကျတာ ရှိကိုမရှိဘူး ဦးခင်မောင် . . . (မှန်လှပါဘုရား)၊ ဒီ ဒိဋ္ဌိတွေကြောင့် အပါယ်ကျနေတာ . . . (မှန်လှပါဘုရား)။

ဒီဒိဋ္ဌိတွေကြောင့် အပါယ်ကျနေတာ ယနေ့တော့ဖြင့် ယခုဒိဋ္ဌိနှစ်ခု ဒကာသစ် စင်အောင်လုပ်ပေးလိုက်ပါပြီ . . . (မှန်လှပါဘုရား)၊ မစင်သေးဘူးလား . . . (စင်ပါပြီဘုရား)။

ကောင်းပြီ . . . ဒိဋ္ဌိနှစ်ခုစင်တော့ **တွေးလုံးချုပ်သွားပြီး** ဘာပေါ်ပါလိမ့်မတုံး . . . (ဆွေးလုံးပေါ်ပါတယ်ဘုရား)၊ ဩော်

. . . ဆွေးလုံးပေါ်တယ်ဆိုတော့ ဒကာ ဒကာမတို့ **တွေးလုံးရှိလို့** ဆွေးလုံးဖြစ်ရရှာတယ် . . . (မှန်လှပါဘုရား)။

## တွေးလုံးရှိလို့ဆွေးလုံးပေါ်တာ

ဘယ့်နှယ်ဆိုကြမယ် . . . (တွေးလုံးရှိလို့ ဆွေးလုံးရှိတာပါဘုရား)၊ ဒါဖြင့် **အတွေးက** ကျေးဇူးပြုသွားလို့ **အဆွေးပေါ်**တာပဲ . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

အတွေးက ကျေးဇူးပြုလို့ . . . (အဆွေးပေါ်တာပါဘုရား)၊ ဒါဖြင့် အတွေးပင် ချုပ်သွားငြားသော်လည်း ကျုပ်တို့မှာ အဆွေးကျန်ရစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)၊ အကြောင်းအကျိုးပြတ်သေးရဲ့လား . . . (မပြတ်ပါဘူးဘုရား)။

မပြတ်တာသိလိုက်သဖြင့် **ဥစ္ဆေဒဒိဋ္ဌိ**ဆိုတဲ့ ပြတ်တယ်လို့ ယူလိုက်တာ ယူနိုင်သေးရဲ့လား . . . (မယူနိုင်ပါဘုရား)၊ ဩော် . . . **အတွေးမရှိငြားသော်လည်း**၊ **အဆွေးတော့** ကျန်ရစ်တယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဥစ္ဆေဒဒိဋ္ဌိစင်ပြီ

ဒါ ဥစ္ဆေဒဒိဋ္ဌိကောရှိသေးရဲ့လား (မရှိတော့ပါဘုရား)၊

မရှိတော့ပါဘူးဆိုတော့ ဒီဘက်က အပျက်မြင်လိုက်တုန်းက သဿတဒိဋ္ဌိစင်ခဲ့ပါတယ်။

အဆွေးပေါ်လာတာမြင်လိုက်သဖြင့်လည်း ဥစ္ဆေဒဒိဋ္ဌိစင်သွားတယ်. . . (မှန်လှပါဘုရား)။ **ဓမ္မတွေ** လှည့်နေတယ်လို့ သိတုန်းကလည်း **သက္ကာယဒိဋ္ဌိ** စင်ခဲ့တယ်၊ အင်မတန်ရှင်းသွားပြီ . . . (ရှင်းသွားပါပြီဘုရား)။ မရှင်းကြသေးဘူးလား. . . (ရှင်းပါပြီဘုရား)။

**ဓမ္မတွေ** လှည့်နေတယ်လို့ သိတုန်းက ဘာပါလိမ့်. . . (သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား)၊ ဩော်. . . **အတွေးလေး** ချုပ်သွားပြီးလို့ သိလိုက်သဖြင့် . . . (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)၊ ဩော်. . . **အတွေးပင်** ချုပ်သွားငြားသော်လည်း အဆွေးက ကျန်နေရစ်သေးတယ်. . . (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား)။

အဲ. . . ဥစ္ဆေဒဒိဋ္ဌိ ပြုတ်တယ်တဲ့၊ အကြောင်းအကျိုးဆက်တာ ကျန်နေရစ်တယ်၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ဒိဋ္ဌိသုံးမျိုးစင်သွားပြီ

ဒါဖြင့် ဩော်. . . ဒိဋ္ဌိတွေတော့ စင်သွားပြီ ဒကာဒကာမတို့ ဒိဋ္ဌိသုံးမျိုး စင်သွားပြီ၊ နို့မဟုတ်လို့ရှိရင်တဲ့ **သဿတဒိဋ္ဌိ**

နဲ့ **ဥစ္ဆေဒဒိဋ္ဌိဟာ** ဘယ်ကလာတာတုံးလို့ မေးတော့မှ **သက္ကာယဒိဋ္ဌိက** လာတာတဲ့ ဒကာ ဒကာမတို့. . (မှန်လှပါဘုရား)။

**သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိက** ဘယ်ကလာတာတုံး. . . (သက္ကာယဒိဋ္ဌိက လာတာပါဘုရား)၊ အင်း. . . ငါသေရင် ငါပဲ ဖြစ်မယ်ဆိုရင် **သဿတဒိဋ္ဌိ**ဘဲ၊ ငါသေရင် ပြီးတာပဲကွ ဘာမှ ဖြစ်စရာမရှိတော့ဘူးဆိုရင် **ဥစ္ဆေဒဒိဋ္ဌိ**၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ခုတော့ ဒီဓမ္မနဲ့ဆက်ပြလိုက်တော့ ရှင်းလို့ . . . (ရှင်းပါပြီဘုရား)၊ မရှင်းသေးဘူးလား. . (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီဒကာ ဒကာမတွေမှာ အလွန်နေရာကျသွားပြီ၊ သို့သော်လည်း **အဋ္ဌကထာ၊ ဋီကာ** ပြောတဲ့ အဓိပ္ပာယ်လေး **သဿတဒိဋ္ဌိ**ရှိတဲ့ ပုဂ္ဂိုလ်များဟာ ဒီလို ဘုန်းကြီးဆီမှာလည်း တရားက မနာရ၊ ဒီလို ဖြစ်စဉ်နဲ့ ပြတ်မှု၊ နောက်အစားထိုးမှု ဒါတွေကိုလည်း မသိရသေး၊ **ဓမ္မတွေဆက်စပ်ပြီး** လည်နေတာကိုလည်း မသိသေးတော့ ဒိဋ္ဌိသုံးမျိုးစလုံး အကုန်ရှိတယ်လို့ ဆိုရမယ် ခင်ဗျားတို့၊ မဆိုနိုင်ဘူးလား. . (ဆိုနိုင်ပါတယ်ဘုရား)။

## ဓမ္မတွေလည်နေတာမသိရင်

ဒိဋ္ဌိသုံးမျိုးစလုံး အကုန်ရှိတယ်. . . (မှန်လှပါဘုရား)၊ ဓမ္မ

တွေလည်နေတာ မသိကတည်းက **သက္ကာယဒိဋ္ဌိ**ကော မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ သူရှိနေရင် **သဿတဒိဋ္ဌိ**ကလဲ . . . (ရှိပါတယ်ဘုရား)။

အင်း. . . ကျုပ်ကြောလှပြီ အသက်ရှည်နေတာလို့လည်း ပြောချင် ပြောမယ်. . . (မှန်ပါဘုရား)၊ ဟုတ်ဘူးလား. . . (မှန်လှပါဘုရား)၊ **ဉစ္ဆေဒဒိဋ္ဌိ**သမားကလည်း အင်း သေလည်းပြီတာပါပဲ ဗျာဆိုတာ လာချင်လာမှာပဲ၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ကဲ. . . ဒါတွေ ထောက်ကြည့်တော့မှ ဒကာ ဒကာမတို့ ဩော်. . . **သက္ကာယဒိဋ္ဌိ** မပြုတ်ရင် ကျန်တဲ့ ဒိဋ္ဌိတွေ အကုန်လာမှာပါလားဆိုတာ ပေါ်လာတယ်. . . (မှန်ပါဘုရား)၊ မပေါ်ကြဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## သဿတဒိဋ္ဌိကဘယ်လိုတုံး

ကိုင်း. . . ဒါဖြင့် နေရာကျပါပြီတဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဒိဋ္ဌိသုံးမျိုးဖြင့် စင်သွားပြီ၊ အဲ့ဒီတော့ကိုတဲ့ ဒီ **သက္ကာယဒိဋ္ဌိ**က ကြီးထွားလာလို့ရှိရင် ဦးခင်မောင် **သဿတဒိဋ္ဌိ** ဘက်လည်း ကူးတတ်တယ်နော် . . . (မှန်လှပါဘုရား)။

**ဉစ္ဆေဒဒိဋ္ဌိ**ဘက်ကော . . . (ကူးတတ်ပါတယ်ဘုရား)၊ **သဿတဒိဋ္ဌိ**က ဘယ်လိုတုံးလို့ မေးလို့ရှိရင်ဖြင့် **သဿတဒိဋ္ဌိ**

သမား က လူသာသေတယ်၊ စိတ်ဆိုတဲ့ ဝိညာဉ်လိပ်ပြာကလေး က နတ်ပြည်သွားတယ် ဒီလိုထင်ရင်ထင်ပစ်လိုက်တာ. . . (မှန်လှ ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ အဲ့ဒါ ဗုဒ္ဓဘာသာမှာရှိတယ် . . . (မှန်လှပါဘုရား)။

## အသက်ထွက်သွားပြီဆိုတာ

အသက်ထွက်သွားပြီ၊ အသက်ထွက်သွားပြီ၊ **ဒါသဿ တဒိဋ္ဌိ**. . . (မှန်လှပါဘုရား)၊ ဘာတုံး ဒီဥစ္စာ. . . (သဿတဒိဋ္ဌိ ပါဘုရား)၊ ဦးဘတင် ဘာထင်သတုံး ဒီဥစ္စာ. . . (သဿတဒိဋ္ဌိပါ ဘုရား)။

အသက်ထွက်သွားတယ်. . . (မှန်လှပါဘုရား)၊ အံ့မလေး ဒကာ ဒကာမတို့ ဒီထဲ သူမွေကလေး တစ်ခုဖြစ်ပြီး တစ်ခုချုပ်နေတဲ့ ဥစ္စာလေးပဲ၊ အဲဒီဥစ္စာ အသက်ထွက်သွားပြီလို့ ပြောနေပြန်တော့ သူက ဘယ်တော့မှ မသေတဲ့ အဓိပ္ပာယ်ပဲ . . . (မှန်လှပါဘုရား)။

လောကီဥပမာ ပြောကြစို့ ဆိုတော့ ကြက်တူရွေးတစ် ကောင် လှောင်ချိုင့်ကလေးထဲ၊ ကြက်တူရွေး အိမ်ကလေးထဲ ထည့်ထားတယ်၊ ဒီအိမ်မကြိုက်ပါဘူးဆိုရင် ဟိုအိမ်ပြောင်းတဲ့ ကြက်တူရွေးလို ဖြစ်နေတယ်။

ကိုင်း. . . ဒီကြက်တူရွေးဟာ သေတယ်လို့ သဘောပါ သေးရဲ့လား (မပါပါဘူးဘုရား)၊ အိမ်ပြောင်းတာသာ ပါတယ် . . . (မှန်ပါဘုရား)၊ ဒီခန္ဓာ အိုလို့ ဆွေးလို့ နတ်ခန္ဓာထဲ သူသွား ပေါ့၊ အခုအခါ ဘယ်များရောက်နေရှာပါလိမ့်မတုံး ဒကာ ဒကာမ တွေက မသုံးကြဘူးလား. . . (သုံးပါတယ်ဘုရား)။

## ဘယ်များရောက်ပါလိမ့်ဆိုတာ

တို့အမေတွေ ဘယ်များရောက်ပါလိမ့်၊ ဩော်. . . ဘယ် များ ရောက်ပါလိမ့်ဆိုတာ သွားလို့၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဘယ်များ ရောက်ပါလိမ့်ဆိုတာ ဘယ်အဓိပ္ပာယ်ပါလိမ့် . . . (သွားလို့ပါဘုရား)၊ ဘယ်ကသွားတာတုံး. . . ဒီက သွားတာ၊ ဒီကသွားတယ် လာဦးမှာပဲ၊ လာလို့ရှိရင် ဒါဘာဒိဋ္ဌိ . . . (သဿတဒိဋ္ဌိပါဘုရား)။

အဲ . . . အဲဒီ ဓမ္မတွေ၏ **ဖြစ်လိုက် ပျက်လိုက်**၊ ချုပ်သွား **လိုက် ပေါ်လိုက်၊ ချုပ်သွားလိုက် ပေါ်လိုက်**ဆိုတာလေးကို နားမ လည်လို့ရှိရင်ဖြင့်တဲ့ **သဿတဒိဋ္ဌိ**ကော ပြုတ်ပါ့မလား . . . (မပြုတ်ပါဘူးဘုရား)။

ခုတော့ သိနေပြီ ဒကာ ဒကာမတွေက ဩော် . . . **အတွေး**ချုပ်ပြီးတော့ကို ဘာလာပါလိမ့် . . . (အဆွေးလာပါ

တယ်ဘုရား)၊ **အဆွေးချုပ်ပြီး** သကာလ စိုးရိမ်တာလာမှာပဲ. . . (မှန်လှပါဘုရား)၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

စိုးရိမ်တာ ချုပ်ပြီး ပူပန်တာလာမှာပဲ၊ ပူပန်တာလာပြီး အလွန်ကို ပြင်းထန်တဲ့ ခန္ဓာကိုယ်ပစ်လဲချင်တာကြီး လာလိမ့်မယ် မလာပေးဘူးလား. . . (လာပါတယ်ဘုရား)။

## တစ်ခုချုပ်တစ်ခုဖြစ်သာရှိတယ်

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာအစဉ်ကြီးသည် ကားလို့ဆိုရင်ဖြင့် **တစ်ခုချုပ်၊ တစ်ခုဖြစ်**၊ တစ်ခုချုပ်၊ တစ်ခုဖြစ် သာရှိတယ်၊ ဘယ်သူက သွားနိုင်တဲ့သဘောပါသေးရဲ့လား. . . (မပါပါဘူး ဘုရား)။

ဪ . . . ဒီလိုသိသွားတော့ **သဿတဒိဋ္ဌိ**ကော ဒကာ ဒကာမတွေ ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

အင်း . . . တစ်ခုချုပ်ပြီး သကာလ တစ်ခုဖြစ်တာသာ ရှိတယ် အကြောင်းအကျိုးတော့ ဆက်နေသေးတယ်ဆိုသဖြင့် လည်း ဥစ္ဆေဒဒိဋ္ဌိကော ရှိသေးရဲ့လားဗျာ . . . (မရှိပါဘူးဘုရား)။

## ဘဝပျော်ရင်သဿတဒိဋ္ဌိ

ကောင်းပြီတဲ့ ဒါဖြင့် **သဿတဒိဋ္ဌိ**ရှိတဲ့ ပုဂ္ဂိုလ်ဟာ၊ ဘဝ ပျော်မွေ့တဲ့ ပုဂ္ဂိုလ်ဟာ **သဿတဒိဋ္ဌိ**ရှိတယ် . . . (မှန်လှပါ

ဘုရား) ဘဝပျော်မွေ့တဲ့ ပုဂ္ဂိုလ်ဟာ ဘာတဲ့ . . . (သဿတဒိဋ္ဌိ ရှိပါတယ်ဘုရား)၊ ကိုယ့်ဘဝလေးကိုယ် ပျော်မွေ့နေတဲ့ ပုဂ္ဂိုလ်ဟာ **သဿတဒိဋ္ဌိ**ကြောင့် ပျော်တာ . . . (မှန်လှပါဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဘဝပြတ်တာကို အရမ်းသဘောကျတဲ့ ပုဂ္ဂိုလ်က **ဥစ္ဆေဒ** ဒိဋ္ဌိ၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ ဘဝပြတ်တာကို သဘောကျတဲ့ ပုဂ္ဂိုလ်ကဘာတဲ့ . . . (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

## နိဗ္ဗာန်လည်းသဘောမကျဘူး

အင်း . . . ဘဝပြတ်လို့ရှိရင် နိဗ္ဗာန်မို့လား. . . (မှန်လှပါ ဘုရား)၊ သူက နိဗ္ဗာန်လည်း သဘောမကျဘူး၊ ဒီခန္ဓာကြီး သေပစ် လိုက်ရတာ အေးပါတယ်ဆိုတဲ့ လူမိုက်တွေးနည်းပေါ့ ဦးခင်မောင် ရာ . . . (မှန်လှပါဘုရား)၊ သေတာ အေးပါတယ်ကွာ၊ တစ်ခါ တလေ မသုံးကြဘူးလား . . . (သုံးပါတယ်ဘုရား)။

ဘယ်အေးလိမ့်မတုံး . . . (မှန်ပါဘုရား)၊ အေးစရာ ကော အကွက်ရှိရဲ့လား . . . (မရှိပါဘူးဘုရား)၊ အဲ့ဒါကို သေတာ အေးပါတယ်ကွာ၊ သေတော့ တို့ဘာမှ ပူစရာ ဆွေးစရာ မရှိဘူးကွဆို တော့ ဘာဒိဋ္ဌိဖြစ်သွားသတုံး . . . (ဥစ္ဆေဒဒိဋ္ဌိဖြစ် သွားပါတယ်ဘုရား)။

**ဘဝကိုအရမ်းမုန်းရင်ဥစ္ဆေဒ**

အဲ . . . ဥစ္ဆေဒဒိဋ္ဌိကတော့ ဘဝကို အရမ်းမုန်းတယ် . . . (မှန်လှပါဘုရား)၊ **သဿတဒိဋ္ဌိ**ကတော့ ဘဝကို အရမ်းခင်တွယ်တယ် . . . သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ယခု **သက္ကာယဒိဋ္ဌိ**ပြုတ်ကတည်းက အကြောင်းချုပ်လို့ အကျိုးပေါ် တာကိုလည်း ဆရာဘုန်းကြီးက ဟောလိုက်သဖြင့် ဩော် . . . ဘဝပျော်မွေ့တဲ့ **တဏှာ**ကောရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ဘယ်ရှိလိမ့်မတုံး . . . တစ်ခုချုပ်ပြီး တစ်ခုပျက်နေတာ ပျော်စရာပါရဲ့လား . . . (မပါပါဘူးဘုရား)၊ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ဘဝပြတ်သွားတာဆိုတာလည်း ဒါတွေဘာမှ မရှိဘူးဆိုရင်လည်း အင်း. . . ဒီလို ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ချုပ်၊ ဖြစ်ချုပ် ဒါတွေဘာမှ မရှိဘူး၊ အဲ့ဒါတွေကောင်းတယ်လို့ ယူလိုက်ပြန်လို့ရှိရင်လည်း ဒကာ ဒကာမတို့ **ဥစ္ဆေဒဒိဋ္ဌိ**ဘက်သွားတယ် . . . (မှန်လှပါဘုရား)။

**ဥစ္ဆေဒဒိဋ္ဌိ**ရှိနေပြန်လို့ရှိရင်လည်း **နိဗ္ဗာန်**ကို သဘောမကျပြန်ဘူး . . . (မှန်လှပါဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## ရှင်ဆန္ဒ

ကောင်းပြီ. . . ဒါဖြင့် **ရှင်ဆန္ဒ** ဘာဖြစ်သတုံး မေးရတော့မယ်. . . (မှန်လှပါဘုရား)၊ **ရှင်ဆန္ဒ**သည်ကားလို့ ဆိုလို့ရှိရင် **ပဋိစ္စသမုပ္ပါဒ်** သူကိုယ်တိုင်တော့ နားလည်တာ မဟုတ်ဘဲနဲ့ ဟိုဆရာ တော်တွေက **ရဟန္တာ**တွေက ဟောတာနဲ့ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်တွေ ရှုပြီးသကာလ နေလိုက်တော့ ဖြစ်ပျက်ကလေးတွေက ပြလိုက်လို့ရှိရင် ဖြစ်ပြီးပျက်ပြလိုက်၊ ဖြစ်ပြီးပျက်ပြလိုက်၊ ဖြစ်ပြီး ပျက်ပြလိုက်တော့ အို . . . ဒါ မကြိုက်ဘူး၊ မကြိုက်ဘူး။

ဘာလို့ မကြိုက်သတုံးလို့ မေးတဲ့အခါကျတော့ သူက ခိုင်မြဲသာ ကြိုက်တယ် . . . (မှန်လှပါဘုရား)၊ **သဿတဒိဋ္ဌိ** ရှိနေတယ် . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## သဿတဒိဋ္ဌိရှိနေတယ်

**သဿတဒိဋ္ဌိ**ရှိနေတဲ့အတွက် ပျက်တာလေးမြင်လိုက်ရင် တုန်လှုပ်နေတယ်. . . (မှန်လှပါဘုရား)၊ ဩော်. . . နေစရာမရှိတော့ဘူး၊ ခက်ပြီ၊ ဒကာ ဒကာမတို့ ဆန္ဒမှာ ဘယ်နှယ့်ဖြစ်သွားသတုံး . . . (တုန်လှုပ်ပါတယ်ဘုရား)။

သူက နဂိုက ဘာဒိဋ္ဌိရှိနေသတုံး . . . (သဿတဒိဋ္ဌိရှိနေပါတယ်ဘုရား)၊ **သဿတဒိဋ္ဌိ**ရှိနေတော့ သူက ခိုင်မြဲတာ သဘောကျနေတဲ့ ပုဂ္ဂိုလ်ဟာ အင်း . . . နဂိုကလည်း **ဒိဋ္ဌိ**က ခွာမထားတော့ ခိုင်မြဲတာကိုပဲသူက ကျေနပ်ပြီး သကာလ နေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ အပျက်ကလေးတွေ တော့ မြင်ပါရဲ့နော် . . . (မှန်လှပါဘုရား)။

ဒီလို မြင်တိုင်း မြင်တိုင်း သူတုန်လှုပ်တယ်. . . (မှန်လှပါဘုရား)၊ ဘာအားကိုးမလဲဆိုတာလည်း လာပြန်တယ်၊ တုန်လည်း တုန်လှုပ်တယ်နော်၊ ဘာအားကိုးမတုံး ဆိုတာကော. . . (လာပါတယ်ဘုရား)။

ဒါဖြင့် **အတ္တဒိဋ္ဌိ**ကလည်းရှိ၊ **သဿတဒိဋ္ဌိ**ကလည်းသူ့မှာရှိနေတယ်. . . (မှန်လှပါဘုရား)၊ ရှိတော့ **ဝိပဿနာရှု**ခြင်း ကြောင့် သူ့မှာ မဂ်မရတဲ့အမြင် အမြစ်တောင် သင့်နေသေးတယ် . . . (မှန်လှပါဘုရား)။

## ငှက်ဖြစ်သော်လည်းတစ်ကိုင်းတည်း

ဘာဖြစ်လို့တုံးဆိုရင်၊ ဒိဋ္ဌိမပြုတ်လို့ ကျေနပ်ပြီလား . . . (ကျေနပ်ပါပြီဘုရား)၊ ဘာမပြုတ်လို့တုံး . . . (ဒိဋ္ဌိမပြုတ်လို့ပါဘုရား)၊ ဒိဋ္ဌိမပြုတ်လို့၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ငှက်ဖြစ်သော်လည်း တစ်ကိုင်းတည်းဆိုတဲ့ ဒကာ ဒကာမတွေဟာ ဘာဒိဋ္ဌိတွေတုံး. . . (သဿတဒိဋ္ဌိပါဘုရား)၊ ဒကာ ဒကာမတို့ ငှက်ဖြစ်သော်လည်း တစ်ကိုင်းတည်းလို့ သူဆု တောင်းတယ်၊ ဆင်ဖြစ်သော်လည်း တစ်ကျွန်းတည်းလို့ တောင်းမိ တဲ့ အခိပ္ပာယ်ဟာ ဘာပါလိမ့်မတုံးလို့ မေးတော့ ဟောဒီ ဓမ္မတွေ ဖြစ်ချုပ်နားမလည်လို့ တောင်းတာ. . . (မှန်လှပါဘုရား)၊ ပုဂ္ဂိုလ် သတ္တဝါဖြစ်နေတယ်၊ အလွန်ညဏ်နုတဲ့ ပုဂ္ဂိုလ်၏ အလုပ်လို့ မှတ် လိုက်စမ်းပါ။

ဘယ်လို မှတ်ကြမယ်. . . (အလွန်ညဏ်နုတဲ့ ပုဂ္ဂိုလ်၏ အလုပ်ပါဘုရား)၊ ဒီဘဝမဂ်မရနိုင်တဲ့ ပုဂ္ဂိုလ်၏ အလုပ် ဘာဒိဋ္ဌိ ဖြစ်နေသတုံး ဦးခင်မောင်ရ. . . (သဿတဒိဋ္ဌိ ဖြစ်နေပါတယ် ဘုရား)။

ဒါဖြင့် ဒီဘဝ အာပေါက်အောင် အားထုတ်သူ့ **သဿ တဒိဋ္ဌိ** မစွန့်ရင်. . . (မရပါဘူးဘုရား)၊ ရပါ့မလား . . . (မရပါဘူး ဘုရား)။

ကိုင်း. . . ဒါဖြင့် **ကိံစိ သင်္ခါရာ အနိစ္စတော၊ ပဿတော အနုလောမိ ကာယခန္တိယာ လဘိဿတိတိဏေသော ညဏံ အဝိဇ္ဇံတိ၊ အင်္ဂုတ္တိုရ်ပါဠိတော်**က ကွာတဲ့ သူ့ **သဿတသာ**ရှိနေ လို့ ရှိရင် ဘယ်လိုအားထုတ် အားထုတ်မရပါဘူးကွတဲ့ **အင်္ဂုတ္တိုရ် ပါဠိတော်**က၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## ဒိဋ္ဌိရှိနေရင်မဂ်မရ

**သက္ကာယဒိဋ္ဌိနှင့် သဿတဒိဋ္ဌိ** ရှိရင် ဘယ်လိုပင် အား ထုတ်အားထုတ်တဲ့၊ ဖြစ်ပျက်ဘယ်လိုပဲ မြင်မြင်တဲ့ ဦးခင်မောင် ဘယ်လိုစိတ်ကူးမတုံး . . . (မရပါဘူးဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

**ဆန္ဒ**အားထုတ်လိုက်တာ ဒကာ ဒကာမတို့ မြင်ကြပြီ လား . . . (မြင်ပါပြီဘုရား)၊ အပျက်ကလေး မြင်လိုက်ရင် သူလန့် လန့်သွားတယ်. . . (မှန်လှပါဘုရား)။

သူက ဘယ်ဟာကြိုက်နေသတုံး . . . (သဿတဒိဋ္ဌိ ကြိုက်နေပါတယ်ဘုရား)၊ ခိုင်မြဲတာ ကြိုက်နေတယ်၊ ခိုင်မြဲတာ ကြိုက်နေတော့ ဟို **ပရမတ်**ကို မရှုလို့လား၊ ရှုနေတာမသေချာဘူး လား. . . (သေချာပါတယ်ဘုရား)။

သေချာလို့ **ပရမတ်**ကလည်း မပြဘူးလား. . . (ပြပါ တယ်ဘုရား)၊ ဓမ္မက မပြဘူးလားဗျာ. . . (ပြပါတယ်ဘုရား)၊ အဲ . . . ဓမ္မက ပြပေမယ့် သူမဂ်မရဘူး . . . (မှန်လှပါဘုရား)။

ဦးဘအုန်း **ဓမ္မက**တော့ မပြဘူးလား . . . (ပြပါတယ် ဘုရား)၊ ပြပင်ပြငြားသော်လည်း သူမဂ်ရရဲ့လား. . . (မရပါဘူး ဘုရား)၊ ဘာကြောင့် မရတာတုံး . . . (သဿတဒိဋ္ဌိရှိနေလို့ ပါဘုရား)။

**သသဿတဒိဋ္ဌိ**ခံနေလို့၊ ဘယ်နှယ့်ကြောင့် **သသဿတဒိဋ္ဌိ** ခံနေရသတုံး မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတို့ ဒိဋ္ဌိမဖြုတ်မိလို့. . . (မှန်လှပါဘုရား)။

## ပဋိစ္စသမုပ္ပါဒ်နားမလည်လို့

ဘယ်နှယ့်ကြောင့် သူဒိဋ္ဌိမဖြုတ်တတ်ပါလိမ့်မလဲလို့ ဆိုတော့ **ပဋိစ္စသမုပ္ပါဒ်**ကြီး ဖြစ်ချုပ်ကို သူနားမလည်းလို့၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် သူအတော် အရှုပ်ဆိုးနေတယ်ဆိုတာ ပေါ်လာကြပြီလား . . . (ပေါ်လာပါပြီဘုရား)၊ ဒါနဲ့ **ရှင်အာနန္ဒာ**က၊ ခုနက ပြောတဲ့ သုံးမျိုးကို အဖြုတ်ခိုင်းတာပဲ ဒကာ ဒကာမတို့ **ခန္ဓာ**တွေ သာရှိတယ်ကွာ ဆိုကတည်းက ဘာပြုတ်သွားပြီတုံး . . . (သက္ကာယဒိဋ္ဌိ ပြုတ်ပါပြီဘုရား)။

ဒီ ခန္ဓာတွေဟာ ဖြစ်ပြီးတော့ ချုပ်သွားတာပဲလို့ သိလိုက်သဖြင့် ဘာဒိဋ္ဌိပြုတ်သတုံး . . . (သသဿတဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ချုပ်သာသွားတယ်ဟော့ နောက်ခန္ဓာတော့ အစားထိုးပစ်ခဲ့တယ်လို့ သိပြန်တော့လဲ . . . (ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

## ကစ္စာနအနွယ်ရဟန်း

အဲ့ဒါ **ကစ္စာန** အနွယ်ဖြစ်တဲ့ **ရဟန်း** ဒီလိုဟောပါတယ် ကွာတဲ့ အဲ့ဒါအတိုင်း မင်းရှုစမ်းပါ၊ မင်းရှုစမ်းပါဆိုတော့ ခုပြော တဲ့အတိုင်း **သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ** ဖြုတ်ပြီး မင်းရှု စမ်းပါ၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဘယ်လိုရှုရမှာတုံး၊ **သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ**ဖြုတ်ပြီးမှ မင်းရှုစမ်းပါ၊ မင်းခမ္မအစဉ်ကို၊ သဘောပါကြပြီလား . . . (ပါပါပြီဘုရား)။

ကိုင်း . . . **ဝိပဿနာ**ရှုချင်လို့ရှိရင် **ဒိဋ္ဌိ**ဖြုတ်ပြီးမှ ရှု၊ အဓိပ္ပာယ်ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

**ဝိပဿနာ**ရှုချင်တဲ့ ပုဂ္ဂိုလ်. . . (ဒိဋ္ဌိဖြုတ်ပြီးမှ ရှုရမှာပါ ဘုရား)၊ ဒိဋ္ဌိဖြုတ်ပြီးမှ ရှုကြစမ်းပါဆိုတာ၊ ဒိဋ္ဌိဖြုတ်ချင်လို့ ရှိရင် လည်း ဘာနားလည်ရမတုံး . . . (ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလည် ရမှာပါ ဘုရား)။

**ခန္ဓာပဋိစ္စသမုပ္ပါဒ်**နားမလည်လို့ရှိရင် ဘယ်ဟာများ ရှုစ ရာများ မြင်ကြသေးရဲ့လား . . . (မမြင်ပါဘုရား)၊ ဘယ်လောက် အရေးကြီးတယ်ဆိုတာ မပေါ်ကြသေးဘူးလား . . . (ပေါ်ပါပြီ ဘုရား)။

## အင်မတန်ထူးခြားပါတယ်ဝမ်းမြောက်ကြစမ်းပါ

အေး . . . ဒါကြောင့် **သေပျော်တဲ့တရား၊ နေပျော်တဲ့တရားဆိုတာ** ဒကာ ဒကာမတွေ ဝမ်းမြောက်ကြစမ်းပါ . . . (မှန်လှပါဘုရား)၊ အင်မတန်ထူးခြားပါတယ် . . . (မှန်လှပါဘုရား)၊ အင်မတန် ထူးခြားပါတယ် ဒကာ ဒကာမတို့။

ကိုင်း . . . ဒါဖြင့် **ရှင်ဆန္ဒ** နှစ်ပေါင်း (၄၀)တဲ့ ဒကာဒကာမတို့ ဒိဋ္ဌိ၊ **သက္ကာယဒိဋ္ဌိနှင့် သဿတဒိဋ္ဌိ** နှစ်ခုတည်းပူးနေလိုက်တာ (၄၀) တိုင်တိုင် အပေါ်သိကံဖြစ်နေတာ ရှုလိုက်တာလည်း လွန်လို့ . . . (မှန်လှပါဘုရား)။

ဘာဖြစ်နေတယ်ဆိုတာ ဦးခင်မောင် စွဲချက်တင်နိုင်ပြီလား . . . (တင်နိုင်ပါပြီဘုရား)၊ **သက္ကာယဒိဋ္ဌိနှင့် သဿတ-ဒိဋ္ဌိ**ရှိနေတယ်၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဘာရှိနေသတုံး . . . (သက္ကာယဒိဋ္ဌိနှင့် သဿတဒိဋ္ဌိရှိနေပါတယ်ဘုရား)၊ ဒါဖြင့် **သက္ကာယဒိဋ္ဌိရှိရင် သဿတဒိဋ္ဌိ**သော်လည်းကောင်း၊ **ဥစ္ဆေဒဒိဋ္ဌိ**သော်လည်းကောင်း နှစ်ခု တစ်ခုခုလာရမယ် ဦးဘအုန်း သေချာမှတ် . . . (မှန်လှပါဘုရား)။

**သက္ကာယဒိဋ္ဌိ**ရှိရင် **သဿတဒိဋ္ဌိ**သော်လည်းကောင်း၊ **ဥစ္ဆေဒဒိဋ္ဌိ**သော်လည်းကောင်း လာရမယ်၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## ဒိဋ္ဌိပြုတ်ပြီးတော့ရှုစမ်းပါ

ကောင်းပြီ . . . ဒါဖြင့် အခုလို မင်းကွာတဲ့ **ရှင်ဆန္န** ဒီ **သက္ကာယဒိဋ္ဌိ** ပြုတ်ပြီးတော့ မင်းရှုစမ်းပါဆိုပြီး ဘုန်းကြီးပြောသလို **ပဋိစ္စသမုပ္ပါဒ်**ပြောပေးတာပဲ၊ သဘောကျပြီလား . . . (ကျပါပြီ ဘုရား)။

ကဲ . . . ဒကာ ဒကာမတွေ ပြန်ပြီးတရားစကြစို့ . . . ဒါ တွေးလုံး၊ **တွေးလုံးချုပ်သွားတော့** ဘာလာသတုံး . . . (ဆွေးလုံး လာပါတယ်ဘုရား)၊ **ဆွေးလုံးချုပ်သွားတဲ့**အခါကျတော့ ဘာလာ သတုံးဆိုတော့ **ပူလုံးဖြစ်**သွားတာကိုဗျ **ဆွေးလုံးချုပ်သွားတော့** . . . (ပူလုံးလာပါတယ်ဘုရား)၊ အင်း . . . ပူလုံးဖြစ်လာတယ်ဆို တာကော ကျေနပ်ပြီလား . . . (ကျေနပ်ပါပြီဘုရား)၊ အင်း . . . **သဘာကကို**ဗျ။

နောက်ကျတော့ **ပူလုံးလည်း** ချုပ်ပါရော ငိုလုံးကလာ တာပဲ၊ မလားဘူးလား . . . (လာပါတယ်ဘုရား)၊ **ငိုလုံးလည်း** ချုပ်ပါရော ခန္ဓာပစ်လဲတဲ့ **ဥပါယာသ** ဆိုတဲ့ **အလုံး**ကကော . . . (လာပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် ဒကာ ဒကာမတွေ သန္တာန်မှာ **တွေးလုံး** ချုပ်တော့ **ဆွေးလုံး**လာတယ်၊ **ဆွေးလုံး**ချုပ်တော့ **ပူလုံး**လာတယ်တဲ့၊ **ပူလုံး**လာတော့မှာ မျက်ရည်ကျတဲ့ **ငိုလုံး** လာတော့တယ်ဆိုတာ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ငိုလုံးလာလို့ရှိရင်တော့ ပစ်လဲတာ လာတော့တာပဲ. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ငိုလုံးမလာတဲ့သူ ပစ်လဲတာ ဘယ်သူများတွေ့ ဖူးသတုံး . . . (မတွေ့ဖူးပါဘူး ဘုရား)၊ ငိုလုံးကြီးလာပြီ ဆိုမှဖြင့် ကိုင်း. . . မနေမျှောတော့ပါဘူး ဒီခန္ဓာကြီး ပစ်လိုက်တော့မယ်ဆို ပစ်လှဲချလိုက်တာပဲ. . . သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## **တွေးလုံးကဖြစ်လည်းဖြစ် ပျက်လည်းပျက်**

ဒါဖြင့် ဒကာ ဒကာမတို့ **တွေးလုံးက** ဘယ်သူ့ကျေးဇူးပြုသတုံး. . . (ဆွေးလုံး ကျေးဇူးပြုပါတယ်ဘုရား)၊ **ဆွေးလုံး** ကျေးဇူးပြုတယ်၊ တွေးလုံးရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

ဒါဖြင့် **တွေးလုံးကလေးဟာလည်း ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်း ပျက်တယ်**၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)၊ **တွေးလုံးကလေးဟာ** . . . (ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်း ပျက်ပါတယ်ဘုရား)၊ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်း ပျက်တယ် ဦးခင်မောင်ရ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

အင်း. . . ဒါဖြင့် ဖြစ်လည်းဖြစ်၊ ပျက်လည်းပျက်တဲ့ တရားဖြစ်နေသောကြောင့် သူဟာ ဒုက္ခချည့်ဘဲ . . . (မှန်လှပါဘုရား)၊ တွေးလုံးတစ်ခုလုံးက ဘယ်နှယ့် ဆိုကြမယ် . . . (ဒုက္ခ

ချည့်ပါဘုရား)၊ ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာကော . . . (ဒုက္ခ ပါဘုရား)။

## ဖြစ်တာလည်းဒုက္ခ၊ ပျက်တာလည်း ဒုက္ခ

အဲ့ဒါ **ရှင်အာနန္ဒာ** ဟောတာနော်၊ ဘုန်းကြီးက ဟောတယ်လို့ မယူနဲ့၊ **တွေးလုံး**ကလေးတစ်ခုဟာ ဖြစ်တာလည်း . . . (ဒုက္ခပါဘုရား)၊ **တွေးလုံး**ကလေးဟာ ဖြစ်ပေါ်လာကတည်းက ဒုက္ခ၊ ပျက်သွားတော့ကော . . . (ဒုက္ခပါဘုရား)။

ဒါဖြင့် **ဆွေးလုံး**ကလေး ပေါ်လာပြန်ပြီ ဒကာ ဒကာမတို့ ဖြစ်ကတည်းက ဘာပါလိမ့် . . . (ဒုက္ခပါဘုရား)၊ ပျက်ပြန်တော့ကော . . . (ဒုက္ခပါဘုရား)။

ဩော် . . . ဒါဖြင့် **ပူလုံး**ကလေးလာကြဦးစို့ ဒကာ ဒကာမတို့ **ဆွေးလုံး**တော့ ချုပ်သွားပြီ၊ **ပူလုံး**ကလေးကပေါ်တော့လည်း . . . (ဒုက္ခပါဘုရား)၊ အင်း . . . ပျက်တော့ကော. . . (ဒုက္ခပါဘုရား)၊ ဒုက္ခပဲဆိုတာ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ကဲ . . . ပူလုံးကလေးချုပ်သွားတော့ ငိုလုံးကလေး လာပါဦး၊ ငိုလုံးကလေးက ဘာပါလိမ့် . . . (ဒုက္ခပါဘုရား)၊ အင်း . . . ဖြစ်စကလည်း ဘာပါလိမ့် . . . (ဒုက္ခပါဘုရား)၊ ပျက်သွားတော့ကော . . . (ဒုက္ခပါဘုရား)။

## ဒုက္ခစ၍ဒုက္ခဆုံးတာ

အင်း . . . ကိုယ်ပစ်လှဲ့တဲ့ **အလုံးကလေး**ဟာလည်း ပြောကြစမ်းပါဦး . . . (ဒုက္ခပါဘုရား)၊ ဒါဖြင့် အစကတည်းက စလိုက် တာဟာ ဦးခင်မောင်၊ ဦးဝတို့၊ ဒကာသစ်တို့ ဒုက္ခစ၍ ဒုက္ခဆုံးတာပဲ . . . (မှန်လှပါဘုရား)။

ဒီခန္ဓာဖြစ်စဉ်ဟာ ဘာပါလိမ့် . . . (ဒုက္ခစ၍ ဒုက္ခဆုံး တာပါဘုရား)၊ ဟာ . . . ပတ်ကြဦးစို့ ပတ်တာတွေက ဘာတုံး ရှေ့ကဟာ ချုပ်သွားတာလဲ ဘာတုံး. . . (ဒုက္ခပါဘုရား)၊ နောက်ပေါ်လာတာလဲ . . . (ဒုက္ခပါဘုရား)၊ အဲ့ဒီ ပေါ်လာတာ၊ ချုပ်သွားတာလဲ . . . (ဒုက္ခပါဘုရား)။

အြော် . . . သံသရာတစ်ခုလုံးမှာ ဒုက္ခစက်လည်တာပါ လား . . . (မှန်လှပါဘုရား)၊ ပေါ်ပြီ၊ ပေါ်ပြီ၊ သံသရာတစ်ခုလုံးမှာ . . . (ဒုက္ခစက်လည်တာပါဘုရား)၊ ကျေနပ်ကြပြီလား . . . (ကျေနပ်ပါပြီဘုရား)။

သံသရာတစ်ခုလုံးမှာ ဒုက္ခစက်လည်တာပဲတဲ့၊ ခင်ဗျားတို့ လည်နေတာ အင်မတန်ထင်ရှားတယ်၊ ငါမနေ့ကကိုက အင်း . . . နင်တို့အတွက် ဆွေးလိုက်တာ၊ ပူလိုက်တာ ဟုတ်လား မျက် ရည်များကိုလည်လာတယ်၊ ခန္ဓာကိုယ်ကို နေမထိထိုင်မသာ ဖြစ် လာတယ်၊ မပြောကြပေဘူးလား . . . (ပြောပါတယ်ဘုရား)။

နောက်တစ်ခါ နင်တို့အတွက် ဒီတစ်ယောက်အတွက် ပြီးတယ် တစ်ယောက်အတွက် တွေးမိလည်း ဒီအတိုင်းလာတာပဲ ဆိုတော့ ဒါလှည့်ပတ်လာတာပဲ . . . (မှန်လှပါဘုရား)၊ သဘော ကျပြီလား . . . (ကျပါပြီဘုရား)။

ဟိုတစ်ယောက်အတွက် တွေးပြန်တော့ကော. . . ဒီဒုက္ခစက်ပဲလည်တယ် . . . (မှန်လှပါဘုရား)၊ သဘောကျပြီ လား . . . (ကျပါပြီဘုရား)။

**မတွေးလေနဲ့**

တစ်ခါတည်း ဒကာ ဒကာမတို့ ဆွေမျိုးအတွက် တွေး လိုက်၊ အင်း . . . တူသားနောင်မယ်တွေအတွက် တွေးလိုက် ပြန်ရင်ကော . . . (ဒုက္ခစက်ပဲလည်ပါတယ်ဘုရား)။

ကိုယ့်အရေးတွေ တွေးလိုက်ပြန်တော့ကော . . . (ဒုက္ခ စက်ပဲလည်ပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ မတွေးလေနဲ့ နော်၊ မတွေးလေနဲ့ ဟောလိုက်တယ်။

မတွေးလေနဲ့၊ တွေးချင်လို့ရှိရင် ဘုရားက ဩော် . . . ခု ပေါ်လာတာ **ဒုက္ခသစ္စာ**ပါလားလို့ တွေး . . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## ဒီလိုချည့်တွေးသွားစမ်းပါ

တွေးချင်လို့ရှိရင်ကွာတဲ့ မင်းတို့သည်ကား ခုပေါ်လာတာတဲ့ ဓမ္မကလေး **ပဋိစ္စသမုပ္ပါဒ်** အစကလေး ပေါ်လာတာ၊ ဒါ **ဒုက္ခသစ္စာ**ကလေးပေါ်ပါပေ့လား၊ နောက်တစ်ခါ ပေါ်လာတာလည်း . . . (ဒုက္ခသစ္စာပေါ်လာတာပါဘုရား)၊ ဒီလိုချည့်တွေးသွားစမ်းပါတဲ့၊ တွေးချင်ရင် ဒီလိုချည်းတွေးစမ်းပါတဲ့ . . . (မှန်လှပါဘုရား)။

ဦးခင်မောင်တွေးတတ်ပြီလား . . . (မှန်လှပါဘုရား)၊ နို့မဟုတ်ရင် ခင်ဗျားတို့က ခုနစ်စဉ်တန်း မျက်ရည်ကျ အိပ်မပျော်နဲ့ ဆေးလိပ်သာကုန်းသောက်နေတာပဲ၊ ဘာမှလည်း ကျေးဇူးမများဘူး . . . (မှန်လှပါဘုရား)၊ ဘာမှ ကျေးဇူးမများဘူးဆိုတာ ပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။

အဲဒီခင်ဗျားတို့က **တွေးလုံး**ကို တွေးမှလည်း **နိဗ္ဗာန်**ရောက်မှာ ခင်ဗျားတို့က **အပါယ်**ရောက်ဖို့ချည့် တွေးချနေတယ် . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## တွေးချင်ရင်သစ္စာတွေးပါ

တွေးတာက တွေးတတ်တဲ့လူ မှန်လေလေ ဦးခင်မောင်ရေ ကိုယ့်ဆင်းရဲခန်းရှာလေလေ . . . (မှန်လှပါဘုရား)၊ တွေးချင်ရင် ဘုရားက ဘာတွေးရမတုံး . . . **သစ္စာတွေး**၊ ဒကာ ဒကာမ

တွေ တွေးချင်ရင် ဘာတွေးရမတုံး . . . (သစ္စာတွေးရမှာပါဘုရား)၊ သဘောကျပြီလား . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့က ဘာရှာတွေးသတုံး ပူစရာရှာတွေးတယ်၊ ဘယ်နှယ့်ဆိုကြမတုံး . . . (ပူစရာရှာတွေးပါတယ်ဘုရား)၊ ဘာဖြစ်လို့တုံး အေးအေးနေရလို့ အဓိပ္ပါယ်က ဒီရောက်တာပဲ၊ မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ပူစရာရှာတွေးတာ ဘာ့ကြောင့်တုံး . . . အေးအေးနေရလို့ ဒကာ ဒကာမတို့ အေးအေးနေတဲ့ အထဲက ပူချင်ပါတယ်ဆိုတာသည် ခင်ဗျားတို့ ဘယ့်နှယ်ကြောင့် ဒီလောက်မိုက်ရသတုံးမေးတဲ့အခါကျလို့ရှိရင် ဓမ္မဖြစ်စဉ်တွေကို သဘောမကျလို့ . . . (မှန်လှပါဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ . . . ဒါနဲ့ မေးလိုက်တယ် **ရှင်ဆန္ဒ** ဘယ်နှယ်တုံးကွ၊ ဒီထဲ ငါများပါသေးလားကွ မေးပြီ . . . (မှန်လှပါဘုရား)၊ ကဲ . . . ဒကာ ဒကာမတွေကော **တွေးလုံးထဲ**မှာ ငါပါရဲ့လား . . . (မပါပါဘူးဘုရား)၊ **ဆွေးလုံးထဲ**မှာကော . . . (မပါပါဘူးဘုရား)၊ အင်း . . . **ပူလုံးထဲ**မှာကော . . . (မပါပါဘူးဘုရား)၊ အင်း . . . **ငိုလုံးထဲ**မှာကော . . . (မပါပါဘူးဘုရား)။

ခန္ဓာပစ်လှဲချင်တဲ့ သဘောလေးပေါ်လာတဲ့အခါမှာကော . . . (မပါပါဘူး)၊ ဘာတွေသာပါနေပါလိမ့် . . . (ဓမ္မတွေသာပါနေပါတယ်ဘုရား)။

ဘာသစ္စာတွေများ တန်းနေပါလိမ့် . . . (ဒုက္ခသစ္စာတွေ တန်းနေပါတယ်ဘုရား)၊ **ဒုက္ခသစ္စာ**တွေတန်းနေတယ်ဆိုမှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဒီကြားမှာ ဉာဏ်ကလေးဝင်ရမှာကိုးဗျ၊ သဘောကျပြီလား ဒကာ ဒကာမတို့ရ . . . (ကျပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် ဒီအသိကလေး ဒီကြားထဲကို မဝင်သ၍ကာလပတ်လုံးဖြင့် ခင်ဗျားတို့သည်ကားလို့ဆိုရင်ဖြင့် **တွေးလုံးနဲ့ ဆွေးလုံးဆက်တော့မယ်** . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဘာနဲ့ ဘာဆက်မှာတုံး . . . (တွေးလုံးနဲ့ ဆွေးလုံးဆက်မှာပါဘုရား)၊ **တွေးလုံး**ကဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား)၊ အင်း . . . **ဆွေးလုံး**က . . (ဒုက္ခသစ္စာပါဘုရား)။

## တွေးလုံးချုပ်ရင်ဆွေးလုံးမလာတဲ့တရား

ဒါဖြင့် . . . **နိဗ္ဗာန်**ဆိုတဲ့ တရားဟာ ဒကာ ဒကာမတို့ **တွေးလုံး**ချုပ်ရင် **ဆွေးလုံး**မလာတဲ့တရားကို **နိဗ္ဗာန်**ခေါ်တာ . . . (မှန်လှပါဘုရား)၊ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

**တွေးလုံး**ချုပ်၍ . . . (ဆွေးလုံးမလာတာပါဘုရား)၊ ကဲ . . . ဒါလက်တွေ့**နိဗ္ဗာန်**ပါတဲ့ . . . (မှန်လှပါဘုရား)၊ မယုံရင်ရှုကြည့်ပါတဲ့ . . . **ဆွေးလုံး**မလာရပါဘူး၊ လာပါ့မလား . . . (မလာပါဘူးဘုရား)။

## ခဏာနိဗ္ဗာန်

ဒါ **ခဏာနိဗ္ဗာန်**နော် . . . (မှန်လှပါဘုရား)၊ တကယ်ရောက်တဲ့ **နိဗ္ဗာန်**ကိုလည်း ဟောဦးမှာပဲ၊ ဒါက **ဒိဋ္ဌဓမ္မနိဗ္ဗာန်**ကို ဟောတာ . . . (မှန်လှပါဘုရား)။

**ဒိဋ္ဌဓမ္မနိဗ္ဗာန်**ကိုဟောတော့ **တွေးလုံး**တွေကို ရှုလိုက်လို့ ရှိရင်ဖြင့် **တွေးလုံး**ကိုသာ ဖြစ်ပျက်မြင်ခဲ့သော် ဒကာ ဒကာမတို့ **ဆွေးလုံး** လုံးဝမလာစေဘူး . . . (မှန်လှပါဘုရား)၊ လာနိုင်ပါ့မလား . . . (မလာနိုင်ပါဘူးဘုရား)။

နေစမ်းပါဦး၊ တွေးပါရစေဦး၊ ဘာဖြစ်လို့တုံး . . . ဆွေးချင်သေးလို့ဟုတ်လား၊ မရှုပ်ကြစမ်းပါနဲ့၊ ကျုပ်စိတ်ကူးနဲ့ ကျုပ်နေစမ်းပါရစေ၊ ဒီကျအောင် သွားချင်တာ၊ ပစ်လှဲချင်တဲ့ အခြေအနေရအောင် သဘောကျပြီလား . . . (ကျပါပြီဘုရား)။

အဲ့ဒီလောက် အရုပ်ဆိုးလာတော့လည်း ဒီမင်းသား ငှားလို့တော့ အပိုပဲ၊ မဟုတ်ဘူးလား၊ ဘယ်သူမှ ပွဲကြည့်လို့ ကောင်းမှာ မဟုတ်ပါဘူး၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် ဒကာ ဒကာမတို့ **တွေးလုံး**ကို ခင်ဗျားတို့သည် **တွေးလုံး**ရယ်လို့ မယူနဲ့ ဒီ**ဥစ္စာဓမ္မ**တစ်ခုပဲဆိုပြီး **ဒုက္ခဓမ္မ**တစ်ခုပဲလို့ တွေးချလိုက် . . . (မှန်လှပါဘုရား)၊ **ဖြစ်ဒုက္ခ ပျက်ဒုက္ခ**လို့သာ ဒါနဲ့ရှုကြည့်လိုက်ပါ။

## ဖြစ်ဒုက္ခပျက်ဒုက္ခလို့ရှု

ရှုကြည့်ရင် ဘယ်သူချုပ်သွားမယ်ထင်ကြသတုံး **တွေးလုံးတို့ ဆွေးလုံးတို့** ဘယ့်နှယ့်နေကြသတုံး . . . (ချုပ်သွားပါတယ်ဘုရား)၊ **ဆွေးလုံးတို့၊ ပူလုံးတို့၊ ငိုလုံးတို့၊ ခန္ဓာကိုယ်ပစ်လှဲတဲ့ ဥပါယာသ အလုံးတို့** ဘယ့်နှယ်နေသတုံး . . . (ချုပ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ ချုပ်ရသတုံး၊ **မဂ်ဉာဏ်**ဝင်လာလို့၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် **မဂ်ဉာဏ်**သည် "**ဟဒယသုသိတလ မဂ္ဂဒသဿနေန**"တဲ့ နှလုံးကို အေးစေတာဖြင့် မဂ်ပဲရှိတယ် . . . (မှန်လှပါဘုရား)၊ ဒကာ ဒကာမတွေ နှလုံးကိုအေးစေတာက . . . (မဂ်ပဲရှိပါတယ်ဘုရား)။

သူကတော့ ချုပ်သွားလို့ ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)၊ **ခုဟဒယဝတ္ထု** နှလုံးသွေးပေါ်မှာ ဒါပဲရှိတော့တယ် . . . (မှန်လှပါ ဘုရား)၊ သူပဲရှိတယ် . . . (မှန်လှပါဘုရား)။

ဒါဖြင့် နှလုံးကို အေးစေတာ ဘယ်သူတုံး . . . (မဂ်ပါဘုရား)၊ ကျေနပ်ပြီလား . . . (ကျေနပ်ပါပြီဘုရား)။

## ငြုပ်သီးပိုးလို့ဖြစ်နေတယ်

ဒါဖြင့် ဒကာ ဒကာမတို့ နှလုံးကိုအေးစေတဲ့ **မင်္ဂ**ကို ခင်ဗျားတို့ကိုပေးတာပဲ၊ ခင်ဗျားတို့က ငြုပ်သီးပိုးဖြစ်နေတယ် မပြောတတ်ဘူး၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ငြုပ်သီးပိုးဖြစ်လို့ရှိရင်တော့ တွေးပြီး ဆွေးပါရစေဦး . . . မဟုတ်ဘူးလား၊ အစဉ်အတိုင်း သွားပါရစေဦး၊ အစဉ်အတိုင်း ဆိုတော့၊ ဒီဘက်သွားတော့ **"ဒယ်အိုး"** ကျန်တော့တယ်၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

အစဉ်အတိုင်းသွားလို့ကော တော်ပါ့မလား . . . (မတော်ပါဘူးဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ တွေးလုံးပေါ်ရင် ဘာလုပ် ရမတုံး . . . ဖြစ်ပျက်ရှုပါ။

တွေးစရာတွေဟာ အခုပေါ်လာတာလည်း **ဖြစ်ဒုက္ခ**၊ ပျက်သွားတာလဲ . . . (ပျက်ဒုက္ခပါဘုရား)၊ **ပျက်ဒုက္ခ**ပဲလို့ နောက်ကရှုလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် **တွေးလုံး**နောက်က **ဆွေးလုံး**ချုပ်တယ် . . . (မှန်လှပါဘုရား)၊ **ပူလုံး**ကော . . . (ချုပ်ပါတယ်ဘုရား)၊ **ငိုလုံး**ကော . . . (ချုပ်ပါတယ်ဘုရား)။

## အခါမလင့်အကျိုးပေးတယ်

ခန္ဓာပစ်လှဲတဲ့အလုံးကော . . . (ချုပ်ပါတယ်ဘုရား)၊ အကုန်ချုပ်တယ်ဆိုတော့ ဒကာ ဒကာမတို့ ချက်ချင်းကို

အကာလိကော အခါမလင့် အကျိုးပေးတယ် . . . (မှန်လှပါဘုရား)၊ ဦးဘအုန်း ဘယ်နှယ့်တုံး . . . (အခါမလင့်အကျိုးပေးပါတယ်ဘုရား)။

အခါမလင့် အကျိုးပေးတော့ ဘယ်နှယ့်ကြောင့် အကျိုးပေးသတုံးလို့ဆိုတော့ ဒကာ ဒကာမတို့ **ဒိဋ္ဌိသုံးပါးပြုတ်ပြီး** သကာလ ရှုလိုက်တာကိုး . . . (မှန်လှပါဘုရား)။

## သဿတဒိဋ္ဌိပြုတ်တယ်

ရှေ့ဓမ္မမှာ **ဓမ္မသာလို့** ဦးခင်မောင်သိပြီလား . . . (မှန်လှပါဘုရား)၊ **ဓမ္မဟာလည်း** မခိုင်တာလည်း မသိလိုက်ဘူးလား . . . (သိလိုက်ပါတယ်ဘုရား)၊ မခိုင်တာလည်း သိလိုက်တဲ့အတွက် **သဿတ**ကော မပြုတ်သေးဘူးလား . . . (ပြုတ်ပါတယ်ဘုရား)။

**ဓမ္မ**လို့ သိတုန်းက **သက္ကာယဒိဋ္ဌိ**ပြုတ်ပါတယ် . . . (မှန်လှပါဘုရား)၊ မခိုင်တာသိလိုက်ပြန်တော့ . . . (သဿတဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

## ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်

အင်း . . . ဒီမရှုဘဲထားရင် **ဆွေးလုံးလာလိမ့်မယ်** ဆိုတာ ခင်ဗျားတို့ကော မသိဘူးလားတဲ့ . . . (သိပါတယ်

ဘုရား)၊ အင်း . . . သိရင် **ဥစ္ဆေဒဒိဋ္ဌိ**ပြုတ်ပြန်ပြီ . . . (မှန်လှပါဘုရား)၊ မရှုဘဲထားရင် ဘာလာမယ် . . . (ဆွေးလုံးလာမှာပါဘုရား)။

**ဆွေးလုံး**လာမှန်းသိကတည်းကိုက ဒကာ ဒကာမတို့ အင်း . . . ဒီဥစ္စာ အကြောင်းအကျိုး ဆက်တော့မှာပဲဆိုပြီး သကာလ ဆွေးလုံးတည်းဟူသော အဆက် သူဆက်တော့မှာပဲ ဆိုတာသိတော့ **ဥစ္ဆေဒဒိဋ္ဌိ**ဆိုတာပြုတ်တယ်လို့ ယူတာယူဖြစ်သေးရဲ့လား . . . (မယူဖြစ်ပါဘူးဘုရား)။

ဒါဖြင့် **မဂ်**သည်ကားလို့ဆိုရင်ဖြင့် ဒကာ ဒကာမတို့ **သဿတဒိဋ္ဌိ**လမ်းကိုလည်း သူမလိုက်ဘူး . . . (မှန်လှပါဘုရား)၊ ဥစ္ဆေဒလမ်းကိုကော . . . (မလိုက်ပါဘူးဘုရား)။

## မဂ္ဂင်ဆိုတာအလယ်လမ်း

အင်း . . . ဒါဖြင့် ခိုင်မြဲတယ်လို့လည်း သူမယူဘူး၊ ပြတ်တယ်လို့လည်း သူယူရဲ့လား . . . (မယူပါဘူးဘုရား)၊ **မဂ္ဂင်** ဆိုတာက ခိုင်တဲ့လမ်း၊ ပြတ်တဲ့လမ်းဆိုတော့ **သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ**၏ အလယ်ကသွားတယ် . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဘယ်လမ်းက သွားသတုံး . . . (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့၏အလယ်ကသွားပါတယ်ဘုရား)၊ **သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ**

တို့၏ အလယ်မှာသွားတယ်ဆိုတာ သေချာပြီလား . . . (သေချာပါပြီဘုရား)။

အင်း . . . **သဿတ**ကော ယူသေးရဲ့လား . . . (မယူပါဘူးဘုရား)၊ ဖြစ်ပျက်မြင်ကတည်းက **သဿတ**မယူတော့ဘူး . . . (မှန်လှပါဘုရား)၊ ယူရင်**တွေးလုံး**နောက်က **ဆွေးလုံး**လိုက်မယ်ဆိုတာ သူမသိဘူးလား . . . (သိပါတယ်ဘုရား)။

သိကတည်းကိုက သေရင်ပြတ်တယ်ဆိုတဲ့ **ဥစ္ဆေဒ**အယူကော . . . (မယူပါဘူးဘုရား)၊ မယူတော့ ဒီရှုတဲ့**မဂ်ကလေး**သည် ဒကာ ဒကာမတို့ **သဿတ**ဘက်လည်း မစောင်းပါဘူး၊ **ဥစ္ဆေဒ**ဘက်ကော . . . (မစောင်းပါဘူးဘုရား)။

## အလယ်လမ်းကသွားမှနိဗ္ဗာန်

ဘယ်ကနေပြီး သူရှုနေပါလိမ့် . . . (အလယ်ကနေပြီး ရှုနေတာပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ အလယ်လမ်းကနေပြီး သွားမှသာလျှင် **နိဗ္ဗာန်**ရောက်မယ် . . . (မှန်လှပါဘုရား)။

ဘေးလမ်း၊ **သဿတ**ဒိဋ္ဌိလမ်းကသွားရင်လည်း **အပါယ်**ရောက်မယ်၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဥစ္ဆေဒဒိဋ္ဌိလမ်းကသွားရင်ကော . . . (အပါယ်ရောက်မှာပါဘုရား)၊ အလယ်လမ်းကသွားရင် . . . (မရောက်ပါဘူးဘုရား)၊ **နိဗ္ဗာန်**ရောက်မယ်ဆိုတော့ **နိဗ္ဗာန်**ဘာတုံးဆိုတော့

ရှုကြည့်တဲ့ **ဆွေးလုံး**က အကုန်ချုပ်တယ် . . . (မှန်လှပါဘုရား)။

**သောကပရိဒေဝ ဒုက္ခဒေါမနဿ** ချုပ်တာဘာခေါ် ကြမတုံး . . . (နိဗ္ဗာန်ပါဘုရား)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

**သောကပရိဒေဝ န တိတ္တမာယ**၊ မလာဘူးလား . . . (လာပါတယ်ဘုရား)၊ **ဒုက္ခ ဒေါမနဿနံ အဌင်္ဂမာယ** မလာဘူးလား . . . (လာပါတယ်ဘုရား)၊ **သတိပဋ္ဌာန်ပါဠိတော်** . . . (မှန်လှပါဘုရား)၊ **ဒီပါဠိတော်**နဲ့ ကိုက်မကိုက်စဉ်းစားစမ်း . . . (ကိုက်ပါတယ်ဘုရား)။

ဒါဖြင့် **သောကပရိဒေဝ** ချုပ်တာလည်း မဂ္ဂင်ပဲ . . . (မှန်လှပါဘုရား)၊ **ဒုက္ခ ဒေါမနဿ** ချုပ်တာကော . . . (မဂ္ဂင်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ **သောကပရိဒေဝ ဒုက္ခဒေါမနဿ** ချုပ်အောင်လုပ်တာ ဘယ်သူတုံးဆိုရင် အလယ်လမ်းက မဂ္ဂင် . . . (မှန်လှပါဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဘယ်သူပါလိမ့် . . . (အလယ်လမ်းက မဂ္ဂင်ပါဘုရား)၊ အင်း . . . **သဿတဒိဋ္ဌိ**လည်း သူယူသေးရဲ့လား . . . (မယူပါဘူးဘုရား)၊ **ဥစ္ဆေဒဒိဋ္ဌိ**ကော ယူသေးရဲ့လား . . . (မယူပါဘူးဘုရား)။

## သစ္စာသာရှိတယ်

အင်း . . . ဖြစ်တာနဲ့ ပျက်တာရှိတယ်လို့ ယူလိုက်တယ် . . . (မှန်လှပါဘုရား)၊ ဘယ်လိုယူလိုက်ပါလိမ့် . . . (ဖြစ်တာနဲ့ ပျက်တာရှိပါတယ်ဘုရား)၊ အင်း . . . **ဖြစ်တာ**လည်း ဒုက္ခ၊ **ပျက်တာ**လည်း ဒုက္ခပဲဆိုပြီး **သစ္စာ**သာရှိတယ်ဆိုတာ ယူလိုက်တယ်။

ဒါဖြင့် သစ္စာသာရှိတယ်၊ **ဖြစ်တဲ့** ဒုက္ခသစ္စာ၊ **ပျက်တဲ့** **ဒုက္ခသစ္စာ** ဤသစ္စာနှစ်ခုမှတစ်ပါး ဘာမှ မရှိဘူးလို့ သူယူလိုက်တယ် . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခိုင်မြဲတဲ့ **သုခလို့**ကော ပါရဲ့လား . . . (မပါပါဘူးဘုရား)၊ ပျက်ပြီးသကာလ နောက်ထပ်ဘာမှ မလာဘူးဆိုတာကော ယူသေးရဲ့လား . . . (မယူပါဘူးဘုရား)။

## တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်တယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဒါဘယ်လမ်းလို့ ခေါ်ကြမတုံး . . . (အလယ်လမ်းပါဘုရား)၊ အလယ်လမ်းဆိုတော့ **ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊ ဘိက္ခဝေ** - ရဟန်းတို့၊ **အယံ မဂ္ဂေါ** - ဤမဂ်သည်၊ **ဧကာယနော** - တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏။

ဘယ်နှယ့်ကြောင့် ရောက်သတုံးဆိုတော့ **သောကပရိဒေဝ န တိက္ခမာယ** တဲ့ ဟော ပူလုံး၊ ငိုလုံးတွေ ချုပ်တယ်ကွတဲ့ . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား။

ဒီဘက်က **ဒုက္ခဒေါမနဿ** မြေပစ်လှဲတာတွေကော . . . (မလာပါဘူးဘုရား)၊ အကုန်ချုပ်တယ်လို့ဆိုတော့ ဒါ အလယ်လမ်းလိုက်မိလို့ ချုပ်တာ . . . (မှန်လှပါဘုရား)၊ အလယ်လမ်း မလိုက်မိလို့ရှိရင် . . . (မချုပ်ပါဘူးဘုရား)။

ကဲ . . . ဒါဖြင့် ခင်ဗျား သူများပြောလား၊ လက်တွေ့လား . . . (လက်တွေ့ပါဘုရား)၊ လက်တွေ့ဖြင့် ဒကာဒကာမတို့ **ရှင်ဆန္န** နိဗ္ဗာန်ရောက်သင့် မရောက်သင့် . . . (ရောက်သင့်ပါတယ်ဘုရား)။

ဘာပြုလို့တုံးဆိုတော့ **သဿတဒိဋ္ဌိ**ကော ပြုတ်ပြီလား . . . (ပြုတ်ပါပြီဘုရား)၊ **သက္ကာယဒိဋ္ဌိကော** . . . (ပြုတ်ပါပြီဘုရား)။

အဲဒီလိုပြုတ်ပြီးသကာလမှ သူရှုလိုက်တော့ကို ရှင်အာနန္ဒာက ကဲ . . . ဘယ့်နှယ်တုံးကွဆိုတော့ အရှင်ဘုရားတည်းဟူသော သူတော်ကောင်းနဲ့ တပည့်တော်ဟာ အလုပ်စဉ်နားမလည်ဘဲနဲ့ ရမ်းလုပ်နေတဲ့အတွက် သက္ကာယဒိဋ္ဌိ မဖြုတ်ဘဲနဲ့ ဖြစ်ပျက်ရှု နေတယ်။

## ရဟန္တာဖြစ်ပါပြီ

ပဋိစ္စသမုပ္ပါဒ်နားမလည်ဘဲနဲ့ ဖြစ်ပျက်ရှုနေတော့ တပည့်တော်နှစ်ပေါင်း (၄၀) အလကား ဖြစ်တာပေါ့၊ အရှင်ဘုရား သနားလို့ ယခုတော့ဖြင့် **ရဟန္တာ**ဖြစ်ပါပြီလို့ သူတာဝန်ခံတယ် . . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)၊ အင်မတန် အဖိုးမတန်သေးဘူးလား . . . (တန်ပါတယ်ဘုရား)၊ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

**ကဲ . . . . ယနေ့ ဒီတွင် တော်ကြဦးစို့။**

**သာဓု . . .၊ သာဓု . . .၊ သာဓု . . .။**